http://www.dhammadownload.com



# ပုညာရာမဆရာတော် အရှင်ပုညာနန္ဒ၏ ထေရုပ္ပတ္တိအကျဉ်းချုပ်

ပုညာရာမဆရာတော် အရှင်ပုညာနန္ဒ အလောင်းလျာကို ပဲခူးတိုင်း၊ ကဝမြို့နယ်၊ ရှမ်းကန်ကျေးရွာ၌ ခမည်းတော် ဦးဘိုးလှ၊ မယ်တော် ဒေါ်ခင်စီတို့က ကောဇာသက္ကရာဇ် ၁၃၂၁ - ခုနှစ်၊ တော်သလင်းလပြည့်ကျော် (၁)ရက်၊ ၁၇.၉.၁၉၅၉ ခုနှစ်၊ ကြာသပတေးနေ့တွင် မိန်းမျိုးသန့်စင် ဖွားမြင်တော်မူခဲ့ပါသည်။ ငယ်နာမည်မှာ မောင်မြင့်ဇော် ဖြစ်၍ မောင်နှမ (၇) ယောက် တို့တွင် သားဦးရတနာဖြစ်ပါသည်။

အရှင်ပုညာနန္ဒ အလောင်းလျာသည် ခေတ်ပညာကို ရှမ်းကန်ကျေးရွာ၌လည်းကောင်း၊ ကဝမြို့နယ်၊ မကြက်ကြီးကျေးရွာ၌လည်းကောင်း၊ ရန်ကုန်မြို့ တာမွေ အမှတ်(၁) အထက်တန်းကျောင်း၌ လည်းကောင်း အသီးသီး ဆည်းပူးသင်ယူ အောင်မြင်ခဲ့၍ တပ်မတော် (လေ) ၌ ၁၂ - နှစ်ကြာမျှ တာဝန်ထမ်းဆောင်ခဲ့ပြီး လုပ်သားကောလိပ်၌ တတိယနှစ်အထိ ပညာသင်ယူခဲ့ပါသည်။

ဆရာတော် အလောင်းလျာသည် ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီး၏ အသံတော်တရားများ အမှတ် (၁) စာအုပ်ကို ဖတ်ရှုရာမှ သံဝေဂ ရရှိမှု၊ ကျေးဇူးတော်ရှင် ရွှေဥမင်ဆရာတော်ဘုရားကြီး၏ အဆုံးအမ၊ ကျေးဇူးရှင် ဖနိတာရာမဆရာတော်ဘုရား၏ လမ်းညွှန်မှုများဖြင့် ၁၃၅၃ - ခုနှစ်၊ ကဆုန်လပြည့်၊ စနေနေ့ (၂၇ - ၄ - ၁၉၉၁) ရက်နေ့ နံနက် (၈း၄၅) နာရီ အချိန်တွင် ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ ဖနိတာရာမကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဖနိတာလင်္ကာရအား ဥပဇ္ဈာယ်ပြုလျက် ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

ပဋိပတ္တိ၊ ပရိယတ္တိ အလုပ်များကို ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ ဖနိတာရာမ မိုးကုတ်ဝိပဿနာကျောင်းတိုက် ဆရာတော်ထံ၌လည်းကောင်း၊ ရွှေဥမင်တောရ ဆရာတော်ဘုရားကြီးထံ၌လည်းကောင်း၊ တောင်စွန်း ဓမ္မဒူတ ဆရာတော် ဘဒ္ဒန္တပညာဇောတ (အဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ ဝိသိဋ္ဌဓီယ ဘာဏက နှင့် သီရိပဝရ ဓမ္မာစရိယ)၊ မုဒုံမြို့ ကျောက်တစ်လုံးတောရဆရာတော် ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသ (ပဉ္စနိကာယ ပိဋကတ္တယပါဠိပါရဂူ)၊ တောင်စွန်းဓမ္မဒူတ တောရကျောင်း ဘဒ္ဒန္တပညိဿရ (ဓမ္မာစရိယ)၊ မော်ဘီဓမ္မဒူတ ဇေတဝန်တောရ ဘဒ္ဒန္တဆေကိန္ဒ (ဓမ္မာစရိယ) တို့ထံ၌ ပါဠိစာပေကျမ်းဂန်များကို သင်ယူဆည်းပူးခဲ့ပါသည်။

ယခုအခါ ဆရာတော်သည် ဝိပဿနာတရားစခန်းများကို ဒေသအသီးသီးနှင့် ပြည်တွင်းပြည်ပ နိုင်ငံများသို့ လှည့်လည်ဟောပြော ပြသနေစဉ် ၂၂.၁၀.၂၀၀၉ ရက်နေ့တွင် အိန္ဒိယနိုင်ငံ ပတ္တနားမြို့၌ ဘဝနတ်ထံ ပျံလွန်တော်မူခဲ့ပြီ ဖြစ်ပါသည်။

ဆရာတော် ပျံလွန်တော်မူပြီးသည့်နောက်ပိုင်း ဆရာတော်၏ သာသနာပြု လုပ်ငန်းများကို ခမည်းတော် ဘဒ္ဒန္တဝိစာရနှင့် တပည့်ယောဂီအပေါင်းတို့မှ ဆက်လက်ဆောင်ရွက်နေပြီး လစဉ် (၁၀) ရက် တရားစခန်းနှင့် ဝါတွင်း ရက်(၁၀၀) တရားစခန်းများကိုလည်း ပုံမှန် ဖွင့်လှစ်လျက်ရှိပါသည်။

http://www.dhammadownload.com

ပုညာရာမ မိုးကုတ်ဝိပဿနာကျောင်းတိုက်
ပဓာနနာယကဆရာတော်

အရှင်ပညာနန္ဒ
(ဗဟုဇနဟိတစရ)

# ရှာချိန်မှာ မရှာခဲ့ကြရင်



DESIGN KYAW THU 09 99 20470

http://www.dhammadownload.com

# ပုညာရာမ မိုးကုတ်ဝိပဿနာကျောင်းတိုက်



ပဓာန နာယကဆရာတော်

# အရှင်ပုညာနန္ဒ

ဓမ္မကထိက ဗဟုဇနဟိတဓရ
ကမ္မဋ္ဌာနာစရိယ

http://www.dhammadownload.com

# ဆရာတော်အရှင်ပုညာနန္ဒ၏ သာသနာပြုလုပ်ငန်းများကို

# ခမည်းတော် ဘဒ္ဒန္တဝိစာရ

# မှ

# ဆက်လက်ဆောင်ရွက်

ပုညာရာမ မိုးကုတ်ဝိပဿနာကျောင်းတိုက်၏ ဦးစီးပဓာန နာယက၊ ပြည်တွင်းပြည်ပ နယ်လှည့်သာသနာပြု ဓမ္မကထိက၊ ဗဟုဇနဟိတဓရ ဆရာတော် အရှင်ပုညာနန္ဒ ဟောကြားတော်မူသော တရားတော်များစာအုပ်, တိပ်, CD, VCD, DVD များအား သာကေတမြို့နယ်၊ ( ၉ ) ရပ်ကွက်၊ နဝရတ်လမ်း၊ ပုညာရာမ မိုးကုတ်ဝိပဿနာကျောင်းတိုက်တွင် ဝယ်ယူရရှိနိုင်ပါသည်။

လစဉ် အင်္ဂလိပ်လဆန်း (၁၃) ရက်နေ့တိုင်း (၁၀) ရက် တရားစခန်းများ ကိုလည်း ပုံမှန် ဖွင့်လှစ်ပြီး မိုးကုတ်ဆရာတော်ဘုရားကြီး၏ ဥပနိဿယခံ ဓမ္မကထိက များမှ အလှည့်ကျ ဟောပြောပြသမည် ဖြစ်ရာ၊ ဆရာတော် ပျံလွန်တော်မူပြီးသည့် နောက်ပိုင်း ဆရာတော် ဆောင်ရွက်တော်မူခဲ့သော သာသနာပြုလုပ်ငန်းများကို ခမည်းတော် ဘဒ္ဒန္တဝိစာရ နှင့် တပည့်သာဝကများမှ ဆက်လက်တာဝန်ယူ ဆောင်ရွက်နေပါသည်။

## ပုညာရာမ မိုးကုတ်ဝိပဿနာကျောင်းတိုက်

နဝရတ်လမ်း၊ (၉) ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။
☎ - ၅၅၃၃၃၀၊ ၅၅၁၁၇၂

http://www.dhammadownload.com

1296023

ဓမ္မဇောင်ခြည် ခဏ္ဍဒါနလှုပ်ငန်း
အဆောင်(၄)၊ ပ ထပ်၊ ဆိမ်ကြီးဈေး(စီရုံ) ရွှေတိဂုံဘုရားလမ်း
ဖုန်း-ရုံး ၂၉၈၃၅ နေ ၃၁၈၈၈ ဆိုင်းခွဲ(၃ မှ ၄)၊ ရန်ကုန်မြို့။

## " နမောပြန်ဘုရားရှိခိုး "

K-400

( နမောတဿ ယတော မဟိမတော ယဿ တဧ

**ယတောမဟိမတော** - အကြွင်ဒါနပါရမီ သီလပါရမီ နိက္ခမပါရမီ ပညာပါရမီ ဝီရိယပါရမီ ခန္တီပါရမီ သစ္စာပါရမီ အဓိဋ္ဌာနပါရမီ မေတ္တာပါရမီဥပေက္ခာ ပါရမီတည်းဟူသော ပါရမီဆယ်ပါး အပြားသုံးဆယ် များကျယ်အညီ ပါရမီတော်တို့ကို ဖြည့်ကျင့်တော်မူခဲ့သော တန်ခိုးသိဒ္ဓိအစွမ်းကြောင့် (ဝါ) ဥစ္စာပစ္စည်းကိုစွန့်ခြင်း သမီးသားကိုစွန့်ခြင်း ဇနီးမယားကိုစွန့်ခြင်း အင်္ဂါကြီးငယ်ကိုစွန့်ခြင်း အသက်ကိုစွန့်ခြင်းတည်းဟူသော စွန့်ခြင်းကြီးငါးပါးကို စွန့်ခြင်းတည်းဟူသော တန်ခိုးသိဒ္ဓိအစွမ်းကြောင့် (ဝါ) သတ္တဝါအပေါင်း၏အကျိုးငှာ ဖြည့်ကျင့်တော်မူခြင်း ဆွေမျိုးအပေါင်း၏ အကျိုးငှာ ဖြည့်ကျင့်တော်မူခြင်း ဘုရားအဖြစ်၏အကျိုးငှာ ဖြည့်ကျင့်တော်မူခြင်းတည်းဟူသော စရိယသုံးပါးကို ဖြည့်ကျင့်တော်မူခဲ့သော တန်ခိုးသိဒ္ဓိအစွမ်းကြောင့် (ဝါ) ဒေဝပုတ္တမာရ် ကိလေသမာရ် ခန္ဓမာရ် မစ္စုမာရ် အဘိသင်္ခါရမာရ်တည်းဟူသော မာရ်ငါးပါးကို အောင်မြင်တော်မူခဲ့သော တန်ခိုးသိဒ္ဓိအစွမ်းကြောင့် (ဝါ) သုံးပါးဝိဇ္ဇာ ပု-ဒိ-အာနှင့် ဝိမာက္ကစွေ ဒိဌ်ထည့်လေပြား ရှစ်ပါးဝိဇ္ဇာတို့ကို သိမြင်တော်မူခဲ့သော တန်ခိုးသိဒ္ဓိအစွမ်းကြောင့် (ဝါ) မဟာပဓာန ဒုက္ကရစရိယာကို ခန္ဓာတော်နွမ်း ပင်ပန်းကြီးစွာ ခြောက်နှစ်ကြာအောင် ကျင့်စွမ်းတော်မူခဲ့သော တန်ခိုးသိဒ္ဓိအစွမ်းကြောင့်။

**ယဿဗုဒ္ဓဿ** - တန်ခိုးရှင်သိဒ္ဓိရှင် အကြွင်သစ္စာလေးပါး တရားသိမြင် ဘုရားရှင်ကိုယ်တော်မြတ်ကြီး၏ သန္တာန်တော်၌။

http://www.dhammadownload.com



တမော - အဝိဇ္ဇာလျှင် အရင်းမူလရှိသော တစ်ထောင့်ငါးရာ ကိလေသာတည်းဟူသော အမိုက်မှောင်သည်။

န - မကျန်မကြွင်း ပျက်ခြင်းမလှ ပျက်စီးရသဖြင့် အလျှဉ်းမျှပင် ရှိတော်မမူတော့ချေ။

တဿ ဗုဒ္ဓဿ - တန်ခိုးရှင်သိဒ္ဓိရှင် အဝိဇ္ဇာလျှင် အရင်းမူလရှိသော တစ်ထောင့်ငါးရာ ကိလေသာတည်းဟူသော အမိုက်မှောင်ကင်းစင် ထိုသစ္စာလေးပါးတရားသိမြင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးအား။

မေ - သူတော် သူမြတ် လူနှင့်နတ်တို့ ကျေနပ်ရန်မျှော် ဘုရားတပည့်တော်သည်၊

နမော - မင်္ဂလာစရဏ လက်ဦးစ၍ ကြည်စွကော်ရော် ပူဇော်မြတ်နိုး လက်စုံမိုး၍ ရှိခိုးခြင်းသည်။

အတ္ထု - နေ့ညမစဲ အမြဲမကွာ မှန်စွာမသွေ ဖြစ်ပါပေ၏။

ဣမိနာ ဗုဒ္ဓ ပဏာမေန - ဤသို့ ဘုရားရှင်အား ရှိခိုးကြောင်း ဖြစ်သော ပဏာမကုသိုလ်စေတနာကြောင့်။

မေ - မအောင်သေးခင် အောင်ကြွေးတင်၍ အောင်မြင်ရန်မျှော် ဘုရားတပည့်တော်၏။

ဝေါတုမှာက် - မအောင်သေးခင် အောင်ကြွေးတင်၍ အောင်မြင်ရန်မျှော် အသင်သူတော်စင် တရားနာပရိသတ်အပေါင်းတို့၏။

ယထိစ္ဆိတတ္ထော - အကြင်အကြင် အလိုရှိအပ် တောင့်တအပ်သည့် ကောင်းကျိုးချမ်းသာ ကျက်သရေမင်္ဂလာ အထွေထွေသည်။

ယထဇ္ဈာသယံ - အကြင်အကြင် အလိုရှိအပ် တောင့်တအပ်သည့် အတိုင်း။

သမိဇ္ဈတု - ထင်စွာမျက်မှောက် ဝင်လာရောက်၍ ဖြိုးမောက်လျှံညီး အံ့လောက်ချီးရအောင် ပြီးပြည့်စုံပါစေသတည်း။

( သာဓု . . . သာဓု . . . သာဓု )

http://www.dhammadownload.com

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

# ရှာချိန်မှာ မရှာခဲ့ကြရင် တရားတော်

သာသနာတော်နှစ် (၂၅၅၁)ခုနှစ်၊ ကောဇာသက္ကရာဇ် (၁၃၆၉)ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၈) ရက်၊ ခရစ်နှစ် (၂၀၀၇) ခု၊ ဒီဇင်ဘာလ (၂) ရက်နေ့၊ ရှမ်းပြည်နယ်တောင်ပိုင်း၊ မိုင်းရှူးမြို့နယ်၊ ဝမ်ကန်ဒေသ၊ ကျောက်ချွန်းရပ်ကွက်၊ ဂျိုပီမင်္ဂလာခန်းမမှာ ထေရဝါဒ ဗုဒ္ဓသာသနာ ပြန့်ပွားရေး အဖွဲ့ကနေပြီးတော့ ပေါင်းစုပြီး ဓမ္မဒါနတရားအလှူ အမတဒါန အမြိုက်နိဗ္ဗာန်အလှူ ပေးလှူတဲ့ ဆယ်ရက်တာ တရားအလှူပေးပွဲ၏ (၄) ရက်မြောက် ည ဟောကြားအပ်သော ခုဒ္ဒကနိကာယ် ဓမ္မပဒပါဠိ အဋ္ဌကထာ အင်္ဂုတ္တိုရ် ပါဠိတော်တို့မှ ထုတ်နုတ်ဟောကြားအပ်သော "ရှာချိန်မှာ မရှာခဲ့ကြရင်" တရားတော် ။

ဒီတရားတော်ကို မဟောကြား၊ မနာကြားမီမှာ တရားပိုင်ရှင်ဖြစ်တော်မူသော မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးကို နမောပြန်ဘုရားရှိခိုးနဲ့ပဲ ရှိခိုးကြည်ညိုပါ့မယ်၊ လေးလေးစားစား အာရုံပြုထားကြပါ။

(---------------------------)

( သာဓု . . . သာဓု . . . သာဓု )

http://www.dhammadownload.com



'ဘုရားရှင်ကိုယ်တော်မြတ်ကြီးကို ရှိခိုး ကြည်ညိုပြီးတဲ့နောက်မှာ ယနေ့ မိမိတို့အားလုံး တရားတော်ကိုနာပြီးတဲ့အချိန်မှာ လုပ်သင့် လုပ်ထိုက်တာတွေကို လုပ်ခဲ့ဖို့ မလုပ်ရသေးရင်လည်း ကြိုတင်ပြီးတော့ သိလိုက်တဲ့အချိန်မှစပြီး ကြိုးစားလုပ်ကိုင်ဖို့ကိုလည်း မမေ့ဖို့အတွက် ရှေ့ပိုင်းက ကြိုတင်ပြီးတော့ တိုက်တွန်းပေးပါတယ်၊ ယနေ့ သူသူငါငါအားလုံးဟာ ရောက်ရှိလာတဲ့ဘဝမှာ ကိုယ့်အတွက် နေရေးထိုင်ရေး စားရေးသောက်ရေးအတွက် ကြိုးစား ရုန်းကန်ပြီးတော့ မရှာရဘူးလား'

'ရှာရပါတယ်ဘုရား'

'ကိုယ့်ရဲ့ စားဝတ်နေရေး ပြဿနာအတွက်ကို ပြေလည်အောင် တစ်ဖက်က ရှာရသလို အခုလို သာသနာတွင်းနဲ့ ဆုံခိုက်မှာလည်း သာသနာတွင်းသားအသိတွေ ကိန်းအောင်ဆိုပြီး အခုလို တရားပွဲတွေလည်းကျင်းပ၊ ကိုယ်တိုင်ကိုယ်ကျလည်း တရားတွေကိုနာ တရားတွေကို အားထုတ်ပြီးတော့ တရားဘက်မှာလည်း အလွတ်မပေးဘဲနဲ့ ရှာနေကြတယ်ဆိုရင်ကော မမှန်ဘူးလား'

'မှန်ပါတယ်ဘုရား'

'တစ်ဖက်က စားရေးဝတ်ရေးကိုရှာပါတယ်၊ တစ်ဖက်ကလည်း တရားကို အလွတ်မပေးဘဲနဲ့ ရှာနေကြ၊ ဟော. . . အဖိုးတန်တဲ့ဘဝကိုရပြီးတော့ ဘုရားရဲ့အလိုတော်ကျ အကောင်းဆုံး အမွန်ဆုံးကို ငါတို့လုပ်နေတာဟာ တန်ဖိုးရှိလိုက်တာ၊ အဲဒီလိုသိပြီးတော့လည်း ဝမ်းမြောက်ဝမ်းသာဖြစ်ဖို့ ကိုယ်ရှာနေတဲ့အပိုင်းမှာ တစ်ဖက်ကို အလေးသာပြီးတော့ တစ်ဖက်မှာ ချို့ယွင်းခဲ့ရင်တော့ အချိန်မီလေး အားကောင်းအောင်ပြင်ဆင်နိုင်ပါစေဆိုတဲ့ မေတ္တာကြီးစွာနဲ့ ဒီတရားတော်ကို ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ဘယ်ပြည်ဌာန၊ ဘယ်ဒေသမှာ သီတင်းသုံးတော်မူစဉ်အခါမှာ ဘယ်ပုဂ္ဂိုလ်တွေကို အကြောင်းပြုပြီး ဟောကြားသွားတာလဲဆိုတော့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက မိဂဒါဝုန်တောမှာ သီတင်းသုံးတဲ့အချိန် တစ်နေ့ နောက်တော်ပါး

http://www.dhammadownload.com



အရှင်အာနန္ဒာနဲ့ ကျောင်းစဉ်လှည့်လည်ပြီးတော့ ရဟန်းတော်များကို ကြည့်ရှုတဲ့အခါမှာ တစ်နေရာရောက်တော့ မြင်ကွင်းတစ်ခုကို မြင်လိုက်တဲ့အခါ ဘုရားရှင်က ပြုံးတော်မူတယ်၊ နောက်တော်ပါး ရှင်အာနန္ဒာက ဘုရားပြုံးတယ်ဆိုတာကို သွားတော်က ဖြူသောရောင်ခြည်တော် ပေးလွှတ်တာနဲ့ သတိထားမိသွားတော့ အရှင်ဘုရား အဘယ့်အတွက်ပြုံးပါသလဲ၊ ချစ်သား အာနန္ဒာ၊ ဟိုးရှေ့မှာကြည့်လိုက်စမ်း၊ ငါ့ရဲ့သားတော် ရဟန်းတော်များ စွန့်ပစ်နေတဲ့ ဆွမ်းကြွင်းဆွမ်းကျန်တွေကို လာရောက်ပြီး တောင်းစားနေတဲ့ အိုမင်းရင့်ရော်ပြီး တုန်ချည့်တုန်ချည့်ဖြစ်နေတဲ့ အဖိုးအဖွား လင်မယား နှစ်ယောက်ကို မင်းမြင်တယ်မဟုတ်လား'

'မြင်ပါတယ်ဘုရား'

'အဲဒီ အဖိုးအဖွားနှစ်ယောက်ဟာ အခုတော့ အရွယ်တွေလည်း လွန်သွားပြီ၊ ဒုက္ခဆင်းရဲကလည်း အကြီးအကျယ်ကြုံလို့ သူများစွန့်ပစ်တာကို လာရောက်ပြီးတော့ တောင်းစားရတဲ့ အဖြစ်ဆိုးရောက်နေရတဲ့ အနေအထား၊ ဒီလောက်ဆင်းရဲဒုက္ခတွေ့ ကြုံနေရတာတောင် ကယ်လို့မရတဲ့ အနေအထားနဲ့ သေရင်တောင်အပါယ်မှတစ်ပါး သွားစရာမရှိလောက်အောင်ကို အဖြစ်ဆိုးနေတာဟာ တခြားကြောင့်မဟုတ်ဘူး ချစ်သားရေ၊ ရှာချိန်မှာမရှာခဲ့လို့ပါဘယ်လိုတဲ့တုန်း'

'ရှာချိန်မှာမရှာခဲ့လို့ပါဘုရား'

'ဘုရားရှင်ရှေ့မှောက် ရောက်နေကြတာတောင် ကယ်လို့ရသေးလား'

'မရပါဘူးဘုရား'

'မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆနဲ့ ဖြတ်သန်းကျော်လွှားခဲ့တဲ့ ဘဝသက်တမ်းတစ်လျောက်မှာ ရှာသင့်ရှာထိုက်တဲ့အလုပ်တွေကို မရှာရင် အဲဒီလို အဖြစ်ဆိုးနဲ့ ကြုံလိမ့်မယ်ဆိုတာကိုတော့ သေချာ သံဝေဂယူပြီးတော့ ယနေ့သူတော်စင်များက အချိန်မှီလေး ကြိုးစားပြုပြင်ရှာနိုင်ရင် အခွင့်ကောင်း

http://www.dhammadownload.com



တစ်ခု မရဘူးလား'

'ရပါတယ်ဘုရား'

'ချစ်သားရေ . . . အဲဒီ အဖိုးအဖွားဟာ တကယ်တမ်းကျတော့ အလွန်ကြွယ်ဝချမ်းသာခဲ့တဲ့ ဇနီးမောင်နှံဟာ မေ့မေ့လျော့လျော့ ပေါ့ပေါ့ ဆဆနဲ့ ကာမဂုဏ်အာရုံမှာ အချိန်တွေဖြုန်းပြီးတော့နေခဲ့ကြပြီး လောကီ ဥစ္စာဘက်မှာလည်း တိုးပွားအောင်မရှာခဲ့၊ တစ်ဖက်မှာလည်း တရားဘက်မှာ မေ့လျော့ခဲ့တဲ့အတွက်ကြောင့်မို့လို့ နှစ်ခုစလုံးကို ရှာချိန်မှာမရှာခဲ့တဲ့အဖြစ် ဆိုးဟာ အခုတော့ သေရင် အပါယ်မှတစ်ပါး ဘုရားတောင်ကယ်လို့မရနိုင် လောက်အောင်ကို အခြေအနေ ဆိုး မဆိုး'

'ဆိုးပါတယ်ဘုရား'

'အဲဒီလိုဆိုးနေတာလေးကို ပိုပြီးပေါ်လွင်သွားအောင်ဆိုပြီးတော့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက -

'ချစ်သားရေ . . . ဒီအဖိုးနဲ့အဖွားရဲ့ဖြစ်အင်ဟာ ဘာနဲ့တူသလဲဆိုရင် ရေမရှိတဲ့ရေကန်ထဲကို ရောက်နေတဲ့ အတောင်ကျိုးနေတဲ့ ကြိုးကြာအိုကြီးနဲ့ တူတယ်ကွာ၊ ဒီဥပမာလေးကို အားလုံးရဲ့သန္တာန်မှာ ထင်ထင်ရှားရှား မြင် လွယ်အောင် ဘုရားက ဥပမာပေးပြီးတော့ သံဝေဂတရားတွေကို အကြီး အကျယ်ရအောင် ပုံဖော်ပေးတယ်လို့ မှတ်ထားပါ'

'မှန်လှပါဘုရား'

'ရေမရှိတဲ့ရေကန်ထဲကို ရောက်နေတဲ့ အတောင်ကျိုးနေတဲ့ ကြိုးကြာ အိုကြီးရဲ့အဖြစ်ဆိုးမျိုး အဖိုးနဲ့အဖွားတူတယ်ဆိုတာကို ဥပမာပေးတာ ယနေ့ပေါ်လွင်အောင် ကြည့်ကြရအောင်၊ ရေမရှိတဲ့ ရေကန်ထဲကို ရောက် နေတဲ့ အတောင်ကျိုးနေတဲ့ ကြိုးကြာအိုဆိုတော့ ကြိုးကြာအိုကြီးက အိုမင်း နေတဲ့အတွက်စွမ်းအားတွေ လျော့နည်းလို့ ခြေထောက်ပါပေမယ့် သွားနိုင်တဲ့ ခွန်အားမရှိတော့ဘူး၊ ကြိုးကြာကြီး ဘာဖြစ်လို့'

'အိုနေလို့ပါဘုရား'

http://www.dhammadownload.com



'အိုမင်းမစွမ်းဖြစ်တဲ့အတွက်ကြောင့်မို့လို့ ခွန်အားက ဆုတ်ယုတ်သွားပြီ၊ သွားဖို့လာဖို့ခြေထောက်ပါပေမယ့် မသွားနိုင်ပါဘူး၊ ပျံစရာ အတောင်ရှိပြန်တော့လည်း လေထဲမှာပျံနိုင်လောက်တဲ့ အနေအထားသူ့မှာရှိလား'

'မရှိပါဘူးဘုရား'

'အတောင်ပါပါတယ်နော်'

'ပါပါတယ်ဘုရား'

'ဘာဖြစ်နေလဲဆိုတော့'

'ကျိုးနေပါတယ်ဘုရား'

'အတောင်ကကျိုးနေတော့ အသုံးမကျတော့ဘူး ပျံဖို့လည်း အတောင်ကျိုးနေလို့ပျံမရဘူး၊ ခြေထောက်ပါပေမယ့် သွားနိုင်တဲ့ခွန်အား မရှိတော့ဘူး၊ အိုမင်းနေတဲ့ ကြိုးကြာအိုကြီးက အတောင်ကကျိုးနေတယ်၊ ရောက်တဲ့နေရာကြည့်တော့လည်း ရေမရှိတဲ့ရေကန်၊ ရေမရှိတော့ ခြောက်သွေ့နေတယ်၊ အဲဒီမှာ စားစရာသောက်စရာ ငါးတွေကော ရှိပါ့မလား'

'မရှိပါဘူးဘုရား'

'ငတ်ကြီးကျတဲ့အဖြစ်ဆိုးရောက်နေတဲ့အနေအထား၊ ကြောက်စရာကောင်းလောက်အောင် ဒုက္ခကြီးပါလားဆိုတာ ဒီဥပမာက မပေါ်ဘူးလား'

'ပေါ်ပါတယ်ဘုရား'

'အဲဒီအဖြစ်ဆိုးနဲ့ တူနေတာက အခု ငါရဲ့သားတော် ရဟန်းတော်များ ရှေ့မှောက်မှာ လာတောင်းစားနေတဲ့ အဖိုးအဖွားဟာ ဒီအဖြစ်ဆိုးနဲ့ တူနေပြီကွာလို့၊ ဘုရားကမြင်လွယ်ထင်လွယ်အောင် ဥပမာပေးတော့၊ မိမိတို့လည်း ဒီအသက်အရွယ်ရောက်သည့်တိုင်အောင် ရှာချိန်မှာမရှာခဲ့ဘူးဆိုရင် အဖြစ်ဆိုးတော့မှာနော်'

'မှန်လှပါဘုရား'

http://www.dhammadownload.com



'အခုတော့ ကံကောင်းထောက်မစွာဖြင့် တစ်ဖက်ကလည်း လောကီကို အလွတ်မပေးဘူး၊ တစ်ဖက်ကလည်း တရားဘက်အလွတ်မပေးဘဲနဲ့၊ ယနေ့ သူတော်စင်များက ကြိုးစားရှာဖွေကြတဲ့အတွက်ကြောင့်မို့လို့ အဖိုးတန်တဲ့ အခြေအနေတွေကို ရယူထားတဲ့မိမိတို့တစ်တွေကိုယ့်ပတ်ဝန်းကျင်မှာ မေ့လျော့နေတဲ့ပုဂ္ဂိုလ်တွေ ဒီတရားကိုနာကြားမိတဲ့အခါ လက်ဆင့်ကမ်းလို့ အကောင်အထည်ဖော်ပေးနိုင်ရင် အားလုံးရဲ့သန္တာန်မှာ ရှာချိန်မှာ ရှာသင့်တဲ့ အလုပ်တွေကို အချိန်မမီနိုင်ဘူးလား'

'မီနိုင်ပါတယ်ဘုရား'

'မိမိတို့ လာရှာတဲ့အပိုင်းမှာလည်း ဘယ်ဟာက ပြည့်စုံနေတယ်၊ ဘယ်ဟာက ချို့ယွင်းနေတယ်ဆိုတာကို သိလိုက်တဲ့အခါမှာ ချို့ယွင်းနေတာလေးကိုလည်း ပြင်ဆင်လိုက်မယ်ဆိုရင် ကိုယ့်အတွက် မပြည့်စုံဘူးလား'

'ပြည့်စုံပါတယ်ဘုရား'

'ဘုရားရှင်ကိုယ်တော်မြတ်ကြီးက အရှင်အာနန္ဒာကို အဖိုးအဖွား နှစ်ယောက်ရဲ့အခြေအနေကို ပြောပြနေတာပါ၊ နှစ်မျိုးထဲ ရှိတယ်လို့ မှတ်လိုက်ပါ'

'မှန်လှပါဘုရား'

'ရှာရမှာဘယ်နှစ်မျိုး'

'နှစ်မျိုးပါဘုရား'

'ရှာရမယ့်နှစ်မျိုးက စားရေး ဝတ်ရေး နေရေးတွေကို နေ့စဉ်နေ့စဉ် ရှာနေတဲ့အပိုင်းသည် လောကီကိစ္စတွေမှာ ကြိုးစားရုန်းကန်ပြီး ရှာနေတဲ့ ဥစ္စာပစ္စည်းမှန်သမျှ လောကီဥစ္စာလို့မှတ်ထား'

'မှန်လှပါဘုရား'

'နေထွက်က နေဝင် ရုန်းကန်လှုပ်ရှားပြီး ကိုယ့်ခွန်အားကို အသုံးချလို့ စားဖို့ရှာတယ်၊ ဝတ်ဖို့ရှာတယ်၊ နေဖို့ရှာတယ်၊ ကာမဂုဏ်အာရုံတွေမှာ ပျော်ဖို့

http://www.dhammadownload.com



ပါးဖို့အတွက် ဖြည့်ဆည်းနေကြတဲ့ ရှာဖွေမှုမှန်သမျှ ဘာဥစ္စာရှာတာ'

'လောကီဥစ္စာရှာတာပါဘုရား'

'တစ်နေ့တစ်နေ့ မရှာကြဘူးလား'

'ရှာပါတယ်ဘုရား'

'ဒါကတော့ သေချာတယ်၊ နောက်တစ်မျိုးရှာရမှာက ဒါနကုသိုလ်တွေ ပြုလုပ်နေတယ်၊ သီလကုသိုလ်တွေ စောင့်ထိန်းနေတယ်၊ ခန္ဓာဉာဏ်စိုက် ဘာဝနာကုသိုလ်တွေ ပွားနေတယ်၊ အဲဒီလို ဒါန၊ သီလ၊ ဘာဝနာဆိုတဲ့ ကုသိုလ်တရားတွေကို တစ်ဖက်က လက်မလွှတ်ဘဲနဲ့ ကြိုးစားရှာတဲ့ ပုဂ္ဂိုလ် လောကုတ္တရာဥစ္စာကို ရှာတယ်လို့မှတ်ပါ'

'မှန်လှပါဘုရား'

'ရှာရမှာဥစ္စာ ဘယ်နှစ်မျိုး'

'နှစ်မျိုးပါဘုရား'

'တစ်မျိုးက လောကီဥစ္စာ၊ တစ်မျိုးကလောကုတ္တရာဥစ္စာ၊ အဲဒီဥစ္စာ နှစ်မျိုးကိုရှာနိုင်ရင် ဘုရားချီးမွမ်းတယ်လို့မှတ်ကြပါ'

'မှန်လှပါဘုရား'

'ယနေ့ မိမိတို့တစ်တွေ လောကီနယ်ပယ်အတွက် ကြိုးစားရုန်းကန်ပြီး မရှာဘူးလား'

'ရှာပါတယ်ဘုရား'

'လောကုတ္တရာဥစ္စာကိုလည်း မရှာဘူးလား'

'ရှာပါတယ်ဘုရား'

'အဲဒီလိုရှာကြတဲ့ သူတော်စင်များ ပြန်ပြီးတော့ နှလုံးသွင်းကြည့်ရ အောင်၊ လောကမှာရှိတဲ့ပုဂ္ဂိုလ်တွေကို တန်းစီပြီးကြည့်မယ်၊ စည်းစိမ်ဥစ္စာ ပြည့်စုံတဲ့ပုဂ္ဂိုလ်၊ တစ်ချို့တစ်ချို့သောပုဂ္ဂိုလ်တွေ ကာမဂုဏ်အာရုံတွေနဲ့သာ

http://www.dhammadownload.com



အချိန်တွေကို ကုန်ဆုံးပြီးတော့၊ စီးပွားဥစ္စာကို တိုးအောင်လည်း ဆက်မရှာတော့ဘူး၊ တစ်ဖက်မှာလည်း တရားကိုလက်လွှတ်ပြီးတော့ ကာမဂုဏ်အာရုံထဲမှာ ပျော်မွေ့နေကြတဲ့ပုဂ္ဂိုလ်တွေ မရှိဘူးလား'

'ရှိပါတယ်ဘုရား'

'အဲဒီပုဂ္ဂိုလ်တွေ တစ်ဖက်က လောကီဥစ္စာကိုလည်း တိုးပွားအောင်မရှာဘဲ ဖြုန်းနေတယ်၊ တစ်ဖက်ကလည်း ဒါန သီလ ဘာဝနာကို မေ့ထားတဲ့အတွက် လောကုတ္တရာဥစ္စာကိုလည်းမရှာဘူး၊ အဲဒါကြောင့်မို့ သူတို့တွေသည် စုံလုံးကန်းနော်'

'မှန်လှပါဘုရား'

'တစ်ချို့သော ပုဂ္ဂိုလ်တွေကတော့ ကိုယ့်ရဲ့စားဝတ်နေရေး ပြဿနာအတွက်ကို နေ့စဉ်နေ့စဉ် ကြိုးစားရုန်းကန်ပြီးရှာဖွေ ဖြည့်ဆည်းတယ်၊ တစ်ချို့သောပုဂ္ဂိုလ်တွေ အဲဒီလို ဖြည့်ဆည်းပေမယ့် တစ်ဖက်မှာကျတော့ ဒါနတွေလည်းမပြုဘူး၊ သီလတွေလည်း မဆောက်တည်ဘူး၊ ဘာဝနာလည်း မပွားဘူး၊ မေ့ထားတဲ့ပုဂ္ဂိုလ်မျိုးကော မရှိဘူးလား'

'ရှိပါတယ်ဘုရား'

'အဲဒီပုဂ္ဂိုလ်မျိုးသည် တစ်ဖက်သောမျက်လုံးကိုတော့ ဖွင့်ထားတယ်၊ တစ်ဖက်သောမျက်လုံးကို မှိတ်ထားတယ်၊ အဲဒီပုဂ္ဂိုလ်မျိုးကို တစ်ဖက်ကန်းလို့မှတ်ထား'

'မှန်လှပါဘုရား'

'ဘယ်လိုပုဂ္ဂိုလ်'

'တစ်ဖက်ကန်းပါဘုရား'

'လောကီဥစ္စာကိုရှာပြီးတော့ လောကုတ္တရာဥစ္စာကိုမရှာဘဲ မေ့ထားရင် တစ်ဖက်ကန်း၊ တစ်ဖက်က လောကီဥစ္စာကိုလည်းရှာတယ်၊ ယနေ့တရားနာ သူတော်စင်တွေက လောကုတ္တရာဥစ္စာကိုလည်း အလွတ်မပေးဘူး၊

http://www.dhammadownload.com



အဲဒီပုဂ္ဂိုလ်ကျတော့ နှစ်ဖက်မြင်၊ ဘယ်လိုတဲ့'

'နှစ်ဖက်မြင်ပါဘုရား'

'ဒါကိုလည်း ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ချစ်သားအာနန္ဒာရေ ဒီအဖိုးနဲ့ အဖွားရဲ့အဖြစ်က အခု ငါဘုရား ဥပမာပေးမယ်၊ နွားမကြီး တစ်ကောင်က နွားလေးတစ်ကောင်ကို မွေးထားလိုက်တယ်၊ အဲဒီလို မွေးထား လိုက်တဲ့အခါမှာ နွားမကြီးမှာ မျက်လုံး မရှိဘူးလား'

'ရှိပါတယ်ဘုရား'

'တစ်ဖက်သော မျက်လုံးက သူစားဖို့ သောက်ဖို့အတွက်ကို ရှာဖွေပြီး တော့ အသုံးချတယ်၊ တစ်ဖက်သော မျက်လုံးက ဒီမွေးထားတဲ့ သားလေးကို အန္တရာယ်မရောက်အောင်လို့ စောင့်ရှောက်ပေးတယ်၊ အဲဒါဖြင့် နွားမကြီး သည် မျက်လုံးနှစ်လုံးကို နှစ်လုံးစလုံးအကျိုးရှိအောင် အသုံးချမသွားဘူးလား'

'ချပါတယ်ဘုရား'

'လောကမှာရှိတဲ့ ပုဂ္ဂိုလ်တွေအားလုံးလည်း မျက်လုံးနှစ်လုံး ပါကြ ပါတယ်'

'မှန်လှပါဘုရား'

'အဲဒီပါကြတဲ့ ပုဂ္ဂိုလ်တွေမှာ လောကီဥစ္စာတွေကိုလည်းရှာမယ်၊ လောကုတ္တရာဥစ္စာကိုလည်း ရှာမယ်ဆိုရင် နှစ်ဖက်သောမျက်လုံးသည် ပွင့်တယ်'

'မှန်လှပါဘုရား'

'လောကီဥစ္စာကိုရှာပြီး လောကုတ္တရာဥစ္စာကိုမေ့မယ်ဆိုရင် တစ်ဖက် ကန်း၊ နှစ်ခုစလုံးကို မရှာဘဲနဲ့ အဖိုးနဲ့အဖွားလိုမေ့နေမယ်ဆိုရင်တော့'

'စုံလုံးကန်းပါဘုရား'

'အဖိုးနဲ့ အဖွားသည် စုံလုံးကန်းပေါ့နော်'

'မှန်လှပါဘုရား'

http://www.dhammadownload.com



'ဘုရားရှေ့မှောက်ရောက်တာတောင် ကယ်လို့ရသေးလား'

'မရပါဘူးဘုရား'

'လောကီဥစ္စာမှာလည်း သူတို့တွေသည် တစ်ဖက်ကို ကုဋေရှစ်ဆယ် ကြွယ်ဝခဲ့တဲ့ သူဌေးတွေပါ၊ ဒီဥစ္စာပစ္စည်းတွေ တိုးပွားအောင်မရှာခဲ့ကြဘူး၊ အဲလိုမရှာခဲ့တဲ့အတွက်ကြောင့်မို့လို့ အခုတော့ ကြည့်စမ်းတဲ့ လောကီမှာလည်း မေ့၊ လောကုတ္တရာမှာလည်းမေ့တဲ့အတွက်ကြောင့်မို့လို့ စုံလုံးကန်းတဲ့ ပုဂ္ဂိုလ်သည် ဘုရားတောင် ကယ်လို့မရဘူးဆိုတာကိုတော့ သဘောပေါက်ပါစေ'

'မှန်လှပါဘုရား'

'အဲဒီ အဖိုးနဲ့အဖွားကို ဥပမာထားပြီးတော့ မဟောဘူးလား ဟော နေလား'

'ဟောနေပါတယ်ဘုရား'

'ယနေ့ သူတော်စင်တွေသည် စုံလုံးကန်းလား၊ တစ်ဖက်ကန်းလား၊ နှစ်ဖက်မြင်တွေလား'

'နှစ်ဖက်မြင်ပါဘုရား'

'ကိုယ့်ကိုယ်ကို သေချာသွားပြီလား'

'သေချာပါပြီဘုရား'

'အသံမတိုးစေနဲ့နော်'

'မှန်လှပါဘုရား'

'ပရိသတ်အများကြီး အသံမတိုးသွားနဲ့၊ ယနေ့ မိမိတို့တစ်တွေ သေချာ ပေါက် ရှေ့ပိုင်းတရားပွဲလေး မစခင် ပြန်ပြီးတော့မဟောပေးခင်လေးမှာ ရှေ့က အခြေအနေလေးကို သုံးသပ်ပြနေပါတယ်၊ ကိုယ်ကရှာတဲ့နေရာမှာ နှစ်မျိုးလုံးကို မရှာရဘူးလား'

'ရှာရပါတယ်ဘုရား'

http://www.dhammadownload.com



'ရှာတယ်ပေါ့'

'မှန်လှပါဘုရား'

'အဲဒီရှာတဲ့အတွက် နှစ်ဖက်မြင်လို့ မဆိုသင့်ဘူးလား'

'ဆိုသင့်ပါတယ်ဘုရား'

'ကိုယ့်ကိုယ်ကိုကော အားရရဲ့လား၊ ဖြေကြစမ်းပါအုံး၊ ဒါဖြင့် စုံလုံးကန်းထဲမှာပါလား'

'မပါပါဘူးဘုရား'

'တစ်ဖက်ကန်းထဲမှာရော'

'မပါပါဘူးဘုရား'

'နှစ်ဖက်မြင် သေချာပြီလား'

'သေချာပါပြီဘုရား'

'ဘယ်လိုမြင်တယ်ဆိုတာကတော့ ဟောရင်းဟောရင်း ပေါ်သွားမှာပါ'

'မှန်လှပါဘုရား'

'ကိုယ့်ကိုယ်ကိုကော အခုနှစ်ဖက်မြင်လို့ မပြောဘူးလား'

'ပြောပါတယ်ဘုရား'

'အေး . . . အဲဒီလိုရှာဖို့အတွက်ကို အဖိုးနဲ့အဖွားကို ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ဦးတည်ပြီးတော့ သုံးသပ်ပြတဲ့တရားလေးကို မစခင်မိမိတို့ နားလည်ထားတဲ့အပိုင်းမှာ အရွယ်ကို သုံးပုံပုံပြီးတော့ လောကမှာရှိကြတဲ့အရာတွေကို ဝေဖန်ပြတဲ့နေရာမှာ အသက်ခုနစ်ဆယ့်ငါးနှစ်တမ်းဆိုရင် အသက်အစိတ်အောက်က ပထမအရွယ်၊ အစိတ်နဲ့ငါးဆယ်ကြားက ဒုတိယအရွယ်၊ ငါးဆယ်နဲ့ ခုနစ်ဆယ်ငါးက'

'တတိယအရွယ်ပါဘုရား'

http://www.dhammadownload.com



'အရွယ်ဘယ်နှစ်ပိုင်း'

'သုံးပါးပိုင်းပါဘုရား'

'ကိုယ်နားလည်သလိုဖြေရမှာ အဲဒီ အရွယ်သုံးပါးမှာ ပထမအရွယ် ဘာရှာမယ်'

'ပညာရှာရမှာပါဘုရား'

'ပညာရှာရမှာ အတန်းကျောင်း ပညာတွေကိုရှာရဖို့အတွက် ဘယ် အရွယ်ကိုသတ်မှတ်'

'ပထမအရွယ်ပါဘုရား'

'အေး . . . ပထမအရွယ်မှာ လောကီပညာရှာကြမယ်၊ ဒုတိယ အရွယ်မှာ ဘာရှာမယ်'

'ဥစ္စာရှာရမှာပါဘုရား'

'အေး . . . ဒုတိယအရွယ်မှာက ဥစ္စာရှာရာမှာ တတိယအရွယ် ဘာ လုပ်မယ်'

'တရားရှာရမှာပါဘုရား'

'တရားကို ဘယ်အရွယ်ရှာရမယ်'

'တတိယအရွယ်မှာပါဘုရား'

'အဲဒါဆိုရင် တတိယအရွယ်တွေ ဒီမှာနေခဲ့ ကျန်တဲ့ပုဂ္ဂိုလ်တွေ အကုန် ပြန်သွား။ အရွယ်သုံးပါးမှာရှာဖို့အတွက် ပိုင်းထားတာကိုး'

'မှန်လှပါဘုရား'

'အခု တရားရှာရမယ့်အရွယ်ဟုတ်လား'

'မဟုတ်ပါဘူးဘုရား'

'မဟုတ်ရင်ပြန်၊ အရွယ်သုံးပါးမှာ အဲဒီလို ပိုင်းပြီးတော့မှ မေ့လျော့ နေကြတဲ့ပုဂ္ဂိုလ်များအတွက်ကို မမေ့စေချင်လို့ ပထမအရွယ်မှာ ပညာရှာ

http://www.dhammadownload.com



တော့ ပထမအရွယ်မှာလည်း မသေနိုင်ဘူးလား'

'သေနိုင်ပါတယ်ဘုရား'

'ဒါဖြင့် တတိယအရွယ်မှာ တရားရှာမယ်ဆိုတော့ နောက်မကျနိုင်ဘူးလား'

'ကျနိုင်ပါတယ်ဘုရား'

'ဒုတိယအရွယ်မှာ ဥစ္စာရှာမယ်၊ ဥစ္စာရှာရင်းနဲ့ကော မသေနိုင်ဘူးလား'

'သေနိုင်ပါတယ်ဘုရား'

'တရားသေမှ ရှာမှာပေါ့'

'မဟုတ်ပါဘူးဘုရား'

'ဘယ်တော့ရှာမှာလဲ၊ အရွယ်သုံးပါးရှိနေတာကို၊ အဲဒီတော့ သေပြီးမှ ရှာတော့ပေါ့နော်၊ အဖိုးနဲ့အဖွားကို ဘုရားရှင်ကိုယ်တော်ကြီးက အားလုံးသော ပုဂ္ဂိုလ်တွေကို ရှာတဲ့အချိန်တွေ သတ်မှတ်ပေးထားတာက ဒီအဖိုးနဲ့အဖွားသည် ပထမရွယ်မှာ ဥစ္စာပစ္စည်းရှာမယ်ဆိုရင် ဗာရာဏသီ သာဝတ္ထိပြည်ကြီးမှာ ထိပ်တန်းကျတဲ့ ပထမတန်းစား သူဌေးကြီးဖြစ်မယ်တဲ့၊ ဘယ်အရွယ်မှာ'

'ပထမအရွယ်မှာပါဘုရား'

'စွမ်းအားလည်းရှိတယ်၊ ကံကလည်းကောင်းတယ်၊ ဉာဏ်ကလည်း ကောင်းတယ်၊ အဲဒီလို ထက်မြက်တဲ့အချိန်သည် ဘယ်အရွယ်လဲမေးရင် ပထမအရွယ်၊ ပထမအရွယ်မှာဥစ္စာပစ္စည်းဘက်က ရှာမယ်ဆိုရင် ပထမ တန်းစား ထိပ်တန်းကျတဲ့ သူဌေးကြီးဖြစ်မယ်၊ လောကုတ္တရာဘက်က ရှာမယ် ဆိုရင်တော့ အမျိုးသားက ရဟန္တာ၊ အမျိုးသမီးက အနာဂါမ်တည်နိုင်တယ်၊ ထိပ်တန်းကျတဲ့ ပထမအရွယ်မှာများ ရှန်းကန်ရှာလိုက်ရင် တရားဘက်မှာ ထိပ်တန်းရောက်အောင် မပေါက်နိုင်ဘူးလား'

'ပေါက်နိုင်ပါတယ်ဘုရား'

http://www.dhammadownload.com



'ပထမအရွယ်မှာ သူတို့ရှာခဲ့ရဲ့လား'

'မရှာခဲ့ပါဘူးဘုရား'

'ရသင့်ရထိုက်တဲ့အကျိုးတွေကို ပြန်လိုချင်လို့ မရတော့ဘူးဆိုရင် ယနေ့ သူတော်စင်များ ပထမအရွယ်မှာ ရှာကြလား'

'ရှာကြပါတယ်ဘုရား'

'အခုအရွယ် အစိတ်အောက်ကပုဂ္ဂိုလ်တွေကတော့ ပထမအရွယ် ရှာနေတာပေါ့'

'မှန်လှပါဘုရား'

'ကျော်လွန်လာတဲ့ပုဂ္ဂိုလ်တွေက မေ့ချက်သန်နေလို့ မရှာခဲ့ဘူး၊ အဲဒီလို မရှာခဲ့တဲ့အတွက်ကြောင့်မို့လို့ ပထမအရွယ်မှာ ထိပ်တန်းကျအောင် ရနိုင်တဲ့ အခွင့်အရေးတွေပြန်လိုချင်လို့မရတော့ဘူး'

'မှန်လှပါဘုရား'

'ဆုံးရှုံးသွားပြီနော်'

'မှန်လှပါဘုရား'

'ဒါဆိုရှာချိန်မှာမရှာရင် ရသင့်ရထိုက်တာတွေ မရဘူးလို့ နားလည်လိုက်ပါ'

'မှန်လှပါဘုရား'

'ပထမအရွယ်ကို ကျော်လွန်လာပြီး ဒုတိယအရွယ်ကိုရောက်လာလို့ ဒီအဖိုးနဲ့အဖွားသည် အနည်းငယ်လေးများ အသိတရားကိန်းပြီးတော့ ဥစ္စာပစ္စည်းဘက်က ရှာကြမယ်ဆိုရင် ဒုတိယတန်းစား သူဌေးကြီး ဖြစ်ဦးမှာပဲ၊ အကျိုးပေး အားမကောင်းဘူးလား'

'ကောင်းပါတယ်ဘုရား'

'ရှာခဲ့လားမေးတော့'

'မရှာခဲ့ပါဘူးဘုရား'

http://www.dhammadownload.com



'လောကုတ္တရာဥစ္စာဘက်မှာ တရားဘက်ကရှာမယ်ဆိုရင် ဒီအဖိုးနဲ့ အဖွားသည် ဒုတိယအရွယ်မှာ အမျိုးသားက အနာဂါမ်၊ အမျိုးသမီးက သကဒါဂါမ် တည်နိုင်တယ်ဆိုတော့ တကယ်ကို တိဟိတ်ပုဂ္ဂိုလ်တွေ ပါရမီပြည့် ပါရဲ့သားနဲ့ မရှာခဲ့တော့ ဒုတိယအရွယ်မှာ ရသင့်ရထိုက်တာတွေကော မဆုံးရှုံးသွားဘူးလား'

'ဆုံးရှုံးသွားပါတယ်ဘုရား'

'ဆုံးရှုံးသွားပြီ၊ ဒီလိုနဲ့ တတိယအရွယ်ကိုရောက်တဲ့ မိတ်ကောင်း ဆွေကောင်းနဲ့လည်းမတွေ့၊ ကာမဂုဏ်အာရုံမှာ နှစ်မြှုပ်ပြီးတော့ အချိန်ကိုသာ ဖြုန်းခဲ့တဲ့အတွက်ကြောင့်မို့လို့ တတိယအရွယ်မှာများ အသိလေးကိန်းပြီး သတိရလို့ ရှိတဲ့ဥစ္စာပစ္စည်းနဲ့ အရင်းနှီးလေးလုပ်ပြီး ရှာအုံးမယ်ဆိုရင် တတိယ တန်းစား သူဌေးကြီးဖြစ်အုံးမယ်၊ တရားဘက်ကရှာမယ်ဆိုရင် အဲဒီအဖိုးနဲ့ အဖွားသည် အမျိုးသားက သကဒါဂါမ်၊ အမျိုးသမီးက သောတာပန်တည် နိုင်တယ်ဆိုတော့ အပါယ်တံခါး မပိတ်ဘူးလား'

'ပိတ်ပါတယ်ဘုရား'

'ရှာခဲ့လားမေးတော့'

'မရှာခဲ့ပါဘူးဘုရား'

'ဒါကြောင့် ရေမရှိတဲ့ ရေကန်ထဲကိုရောက်နေတဲ့ အတောင်ကျိုးနေတဲ့ ကြိုးကြာအိုကြီးလိုပဲ အဖြစ်ဆိုးသွားပြီ'

'မှန်လှပါဘုရား'

'ဘာဖြစ်လို့လဲမေးရင်'

'ရှာချိန်မှာမရှာခဲ့လို့ပါဘုရား'

'အခုမိမိတို့ဘက်ကလည်း ပေါ့ပေါ့လေးပြောနေကြတဲ့ ပထမ အရွယ်မှာ ပညာရှာ၊ ဒုတိယအရွယ်မှာ ဥစ္စာရှာ၊ တတိယအရွယ်မှာ တရားရှာ ဆိုတော့ လွဲမနေဘူးလား'

'လွဲနေပါတယ်ဘုရား'

http://www.dhammadownload.com



'ဘုရားရှင်က အရွယ်သုံးပါးလုံးကို ရှာစေချင်တယ်'

'မှန်လှပါဘုရား'

'မိမိတို့က ပေါ့ပေါ့လေးလုပ်ပြီးတော့ ဘယ်အရွယ်မှာ တရားရှာမှာလဲ'

'တတိယအရွယ်မှာတရားရှာမှာပါဘုရား'

'အခေါင်းနားနီးမှာပေါ့နော်'

'မဟုတ်ပါဘူးဘုရား'

'ကံမွဲကုန်ပြီ၊ ဉာဏ်ကလည်း နည်းသွားပြီ၊ အဲဒီကျတော့ စွမ်းအား တွေမရှိတဲ့အတွက်ကြောင့်မို့လို့ သွား၊ ရပ်၊ ထိုင်၊ လျောင်းဆိုတဲ့ ဣရိယာပုထ် လေးပါးတောင်မှ သူများကြိုးစားသလို မကြိုးစားနိုင်တော့ဘူး'

'မှန်လှပါဘုရား'

'မေ့မေ့လျော့လျော့မနေဖို့အတွက်ကို အရွယ်သုံးပါးလုံးရှာစေချင်တဲ့ အတွက် သိတဲ့အချိန်ကစပြီးတော့မှ နှစ်မျိုးလုံးကို ရှာဖို့တိုက်တွန်းသွားတာ'

'မှန်လှပါဘုရား'

'လောကီကိုလည်းရှာ၊ လောကုတ္တရာကိုလည်းရှာ'

'မှန်လှပါဘုရား'

'အဲဒီတော့ရှာတော့ရှာနေကြတယ်၊ ဘယ်ဟာအရှာများ'

'လောကီဥစ္စာအရှာများပါတယ်ဘုရား'

'ဘာတွေ အရှာများတုန်း'

'လောကီဥစ္စာအရှာများပါတယ်ဘုရား'

'ပရိသတ်က နည်းလား၊ များလား'

'များပါတယ်ဘုရား'

'အသံကတော့'

'တိုးပါတယ်ဘုရား'

http://www.dhammadownload.com



'ကျယ်ကျယ်လေး ဖြေမှပေါ့'

'မှန်လှပါဘုရား'

'ယနေ့လောကီဥစ္စာ၊ လောကုတ္တရာဥစ္စာ၊ ဥစ္စာ နှစ်မျိုးမရှိဘူးလား'

'ရှိပါတယ်ဘုရား'

'ဘုရားရှင်က ဒီနှစ်မျိုးလုံးကိုရှာဖို့အတွက် အရွယ်သုံးပါးကို ပိုင်းမနေနဲ့၊ အရွယ်သုံးပါးစလုံးရှာကြ၊ မိမိတို့က ပဌမအရွယ်တွေကျော်လွန်သွားပြီ၊ ဒုတိယအရွယ်က ဒုတိယအရွယ်မှာရှာကြ၊ ဒုတိယအရွယ်ကျော်လာတဲ့ ပုဂ္ဂိုလ်မှာ တတိယအရွယ်ရောက်နေပြန်လည်းပဲ အသိလက်မလွှတ်ဘဲနဲ့ ရှာဖို့သာ တိုက်တွန်းနေတာ'

'မှန်လှပါဘုရား'

'အဲလို . . . ရှာတဲ့နေရာမှာ လောကီဥစ္စာနဲ့ လောကုတ္တရာဥစ္စာကို တစ်နေ့တစ်နေ့ ဘယ်ဟာကို ကြိုးစားပြီးရှာနေကြ'

'လောကီဥစ္စာကိုကြိုးစားပြီးရှာပါတယ်ဘုရား'

'ယနေ့ အသက်အရွယ်တိုင်အောင်ကော မရှာနေကြဘူးလား'

'ရှာပါတယ်ဘုရား'

'အားရပြီလား'

'အားမရသေးပါဘုရား'

'မရသေးရင်ဆက်ရှာ၊ မရှာဘူး မဟုတ်ဘူးရှာရမယ်'

'မှန်လှပါဘုရား'

'အဲဒီဘက်မှာ ရှာနေတဲ့အရှာတွေကိုကြည့်နော်၊ သူတော်စင်များက နှစ်ဖက်မြင်လို့ပြောတယ်၊ အဲဒီတော့ နှစ်ဖက်မြင်လို့ပြောတော့ တစ်နေ့မှာ နှစ်ဆယ့်လေးနာရီမှာ အိပ်ချိန် ရှစ်နာရီဖယ်လိုက်၊ ဆယ့်ခြောက်နာရီ မကျန်ဘူးလား'

'ကျန်ပါတယ်ဘုရား'

http://www.dhammadownload.com



'လောကီဥစ္စာကိုရှာတာ ဘယ်နာရီအချိန်ပေး ဆယ့်ခြောက်နာရီလုပ်မလား'

'ဟုတ်လား'

'လောကီဥစ္စာကို ဘယ်လောက်အချိန်ပေးတာလဲ၊ ဆယ့်ခြောက်နာရီ၊ ရှစ်နာရီအိပ်ချိန် ဖယ်ပေးထားတယ်နော်'

'မှန်လှပါဘုရား'

'ဆယ့်ခြောက်နာရီ မကျန်ဘူးလား'

'ကျန်ပါတယ်ဘုရား'

'ကဲ . . . ဒါဖြင့်ရင် ဥစ္စာနှစ်မျိုးမရှာရဘူးလား'

'ရှာရမှာလား'

'ရှာရမှာပါဘုရား'

'သူတော်စင်များက ဘယ်နှစ်ဖက်မြင်'

'နှစ်ဖက်မြင်ပါဘုရား'

'မတိုးနဲ့နော်၊ သူတော်စင်များက ဘယ်နှစ်ဖက်မြင်တာလဲ'

'နှစ်ဖက်မြင်ပါတယ်ဘုရား'

'တရားမရှာတဲ့ပုဂ္ဂိုလ်တွေက'

'တစ်ဖက်မြင်ပါဘုရား'

'လောကီဥစ္စာကိုလည်း မရှာတဲ့ပုဂ္ဂိုလ်တွေက'

'စုံလုံးကန်းပါဘုရား'

'စုံလုံးကန်းထဲမှာတော့ သူတော်စင်တို့ မပါတာသေချာတယ်'

'မှန်လှပါဘုရား'

'တစ်ဖက်ကန်း မဟုတ်တာလည်း'

'သေချာပါတယ်ဘုရား'

http://www.dhammadownload.com



'သေချာတယ်ပေါ့၊ နှစ်ဖက်မြင်တယ်ပေါ့နော်'

'မှန်လှပါဘုရား'

'အဲဒီတော့ နှစ်ဖက်မြင်လား မမြင်ဘူးလား အခုကြည့်မလို့ပါ၊ လောကီဉစ္စာ၊ လောကုတ္တရာဉစ္စာကိုရှာဖို့အတွက်ကို အခုခွဲခြားလိုက်တော့ နှစ်ဆယ့်လေးနာရီမှာ ရှစ်နာရီ အိပ်ချိန်လေးပေးလိုက်တော့ ဆယ့်ခြောက်နာရီ ရှာမယ်၊ ဉစ္စာဘယ်နှစ်မျိုးရှာရမယ်'

'နှစ်မျိုးပါဘုရား'

'ဘယ်ဟာအရှာများနေတယ်'

'လောကီဉစ္စာ အရှာများပါတယ်ဘုရား'

'ဒါဖြင့်လောကီဉစ္စာကို ဆယ့်ခြောက်နာရီမှာ ဆယ့်လေးနာရီ သာသာ ထိုးထိုးပေးလိုက်'

'မှန်လှပါဘုရား'

'ဒီဘက်မှာ လောကုတ္တရာဉစ္စာကို သူတော်စင်များက နှစ်နာရီအချိန် ပေးထားတယ်၊ ကျေနပ်ပြီလား'

'ကျေနပ်ပါတယ်ဘုရား'

'လုပ်မှမလုပ်ဘဲ၊ နှစ်နာရီပေးတာတောင် များနေပြီ၊ မလုပ်ဘဲနဲ့ ပေးလိုက်ရတာနော် ဟုတ်လား လောကီဉစ္စာကို သူတော်စင်များက ဘယ်နှစ်နာရီ ပေးထားလဲ'

'ဆယ့်လေးနာရီပါဘုရား'

'ဆယ့်လေးနာရီ၊ ဒီဘက်က လောကုတ္တရာဉစ္စာကို ရှာဖို့က'

'နှစ်နာရီအချိန်ပေးထားပါတယ်ဘုရား'

'ဟော . . . ဒီဘက်က မျက်လုံးတော်တော်ပြူးတာပဲ၊ လောကီဉစ္စာဘက်ကရှာတဲ့ မျက်လုံး မပြူးဘူးလား'

'ပြူးပါတယ်ဘုရား'

http://www.dhammadownload.com



'အခု ... ဆယ်ရက်လေးလာပြီးတော့ ဒီဘက်က မျက်လုံးလေး ဖွင့်တာ ဟုတ်လား'

'ဟုတ်ပါတယ်ဘုရား'

'ဒါဖြင့် ... တရားပွဲလည်းပြီးရော ပြန်မေ့မှာလား'

'မမေ့ပါဘူးဘုရား'

'ပွင့်ကောပွင့်ပြီလား'

'ပွင့်ပါပြီဘုရား'

'နှစ်ဖက်မြင်လား'

'နှစ်ဖက်မြင်ပါတယ်ဘုရား'

'အခုမှ သေချာစစ်တော့ပေါ်သွားပြီ၊ နှစ်ဖက်မြင်ပါတယ် ပြောပေမယ့်လည်း တစ်ဖက်က မျက်လုံးက ပွင့်တောင်မပွင့်သေးဘူး၊ အတင်းကို ဆွဲဖွင့်တာ၊ နှစ်နာရီအချိန်ပေးထားရတယ်၊ ဘာကြောင့်များ ဒီလောက်ဖြစ် နေလဲမေးတော့ ဟောဒီ လောကီဥစ္စာနဲ့ လောကုတ္တရာဥစ္စာနှစ်မျိုးမှာ သူတို့ရဲ့ အကျိုးပေးကို ကျကျနန သူတို့နားမလည်လို့ပါ'

'မှန်လှပါဘုရား'

'ယနေ့ ... လောကီဥစ္စာကိုသာ အချိန်တွေပေးပြီးတော့ မိမိတို့ တွေ ဒီထဲမှာနှစ်နေပြီး လောကုတ္တရာဥစ္စာအတွက်ကို အချိန်တွေ လျော့နေ တာဘာကြောင့်လဲမေးရင် သူတို့ရဲ့အကျိုးပေးတွေကို ကောင်းစွာမသိလို့၊ ဒါကြောင့် ဘုရားရှင်ကိုယ်တော်မြတ်ကြီးက လောကီဥစ္စာနဲ့ လောကုတ္တရာ ဥစ္စာရဲ့အကျိုးသွားတွေကို သဘောပေါက်အောင်ဆိုပြီး အင်္ဂုတ္တိုရ်ပါဠိတော်မှာ လေးမျိုးလေးစားနဲ့ ဝေဖန်ပြသွားတာ၊ ဒီလိုဆိုရင် လောကီဥစ္စာရဲ့အကျိုးသွား လေးမျိုး၊ လောကုတ္တရာဥစ္စာရဲ့အကျိုးသွားလေးမျိုး၊ အဲဒီလေးမျိုးလေးကို ယနေ့သိပြီဆိုရင်တော့ အချိန်မီလေး မပြင်သင့်ဘူးလား'

'ပြင်သင့်ပါတယ်ဘုရား'

http://www.dhammadownload.com



'လောကီဥစ္စာကိုသာ အချိန်တွေပေးပြီးတော့ ကိုယ့်ကို နစ်မွန်းအောင် လို့ ဒီလောက်အထိ သက်တမ်းတွေကိုဖြုန်းခဲ့တာ၊ နှမျောစရာကောင်းတယ်လို့ သိတဲ့အချိန်မှာ ဝမ်းနည်းမနေနဲ့တော့'

'မှန်လှပါဘုရား'

'တစ်ဖက်က လိုအပ်နေတဲ့ မပွင့်သေးတဲ့မျက်လုံးလေးကိုသာ ဖွင့်မယ် ဆိုရင် ယနေ့တရားဟောရတာ အကျိုးကြီးပါတယ်'

'မှန်လှပါဘုရား'

'နာရတဲ့ပုဂ္ဂိုလ်တွေလည်း တန်ဖိုးရှိတယ်လို့မှတ်ထားနော်'

'မှန်လှပါဘုရား'

'ဒါဖြင့် . . . အရှာများနေတဲ့ လောကီဥစ္စာကို ရှေးဦးစွာ အကျိုးပေး လေးပြောရင် အားလုံးမှတ်မိအောင် လိုက်ဆိုလိုက်ပါ -

"လောကီဥစ္စာ နေ့မြှောက်ခါ၊ ညမှာခြောက်လေသည်"

'မိမိတို့ တစ်နေ့တစ်နေ့ စားဖို့ ဝတ်ဖို့ နေဖို့ ပြည့်စုံအောင်ရှာနေတဲ့ ဥစ္စာပစ္စည်းတွေ ဘယ်လောက်ပဲများအောင်လို့ ချမ်းသာကြပါစေ၊ တစ်နေကုန် တစ်နေခန်း ကြိုးစား ရုန်းကန်လှုပ်ရှားပြီးတော့မှ ရှာနေရတဲ့အရှာ ပြန်ကြည့် လိုက်တဲ့အခါကျတော့ ဒီလောကီဥစ္စာတွေကို တစ်နေ့တစ်နေ့ ဟောဒီ သား သမီး၊ မိသားစုအတွက် ကြိုးစားရုန်းကန်ပြီး ရှာနေတဲ့နေရာမှာ လောဘ တွေလည်း အားမကောင်းဘူးလား'

'ကောင်းပါတယ်ဘုရား'

'ဒေါသ၊ မောဟတွေကော နည်းလားများလား'

'များပါတယ်ဘုရား'

'ဘာတွေနဲ့ ဒီလောက်ရှာလဲမေးရင် အကုသိုလ်တွေနဲ့ရှာနေတာ စုပြန် တော့လည်း ကုသိုလ်လား အကုသိုလ်လား'

'အကုသိုလ်နဲ့ပါဘုရား'

http://www.dhammadownload.com



'လောဘနဲ့စုတယ်၊ ဟော . . . သောက ပရိဒေဝတွေနဲ့ ကြောင့်ကြနေတယ်၊ အဲဒါကိုကြည့်ခြင်းအားဖြင့် ရှာတုန်းကလည်း အကုသိုလ်၊ စုတော့လည်း'

'အကုသိုလ်ပါဘုရား'

'ကဲ. . . ဒီဥစ္စာပစ္စည်းတွေကို ကိုယ်က ကြွယ်ဝ ချမ်းသာအောင် ရှာနိုင်တဲ့အတွက်ကြောင့်မို့လို့ သွားလာလှုပ်ရှားနေတဲ့ ဟောဒီ နေ့ခင်း နေ့ဘက်တွေကျရင် ကိုယ်ရှာထားတဲ့ဥစ္စာပစ္စည်း ကိုယ့်မှာ ကြွယ်ဝချမ်းသာလို့ ကိုယ့်တစ်ကိုယ်လုံးလည်း ညွတ်အောင်ဆင်ထားတယ်၊ နေနိုင် ထိုင်နိုင်၊ သွားနိုင် လာနိုင်၊ စားနိုင် သောက်နိုင်တဲ့အတွက် ဘယ်ကိုပဲသွားသွား လူပုံအလယ်မှာ တင့်တင့်တယ်တယ်နဲ့နေလာပြီး အရေးယူမှုမခံရဘူးလား'

'ခံရပါတယ်ဘုရား'

'လူမှုလောကကိုသွားတဲ့အခါမှာ ဖူးဖူးမှုတ်အောင်လည်း နေရာပေးခြင်း၊ အရေးယူခြင်း ဆက်ဆံမှုကိုရတဲ့အတွက် အပျော်ကြီး ပျော်နေပါတယ်၊ အကျေနပ်ကြီး ကျေနပ်နေပါတယ်၊ တခြားလား လောဘလား'

'လောဘပါဘုရား'

'ကိုယ်ရှာထားတဲ့ ဥစ္စာပစ္စည်း၊ ကိုယ့်ကို နေ့ဘက်မှာ မြှောက်စားတာတွေကြည့်ပါတဲ့၊ ပျော်နေတဲ့အဖြစ်သည် သာယာနေတာဖြစ်တဲ့အတွက် လောဘတရားက တခြားမှာပေါ်တာလား စိတ်မှာပေါ်တာလား'

'စိတ်မှာပေါ်တာပါဘုရား'

'အဲဒီဥစ္စာပစ္စည်းတွေ ကိုယ်ကနေကြည့်ပြီးတော့ -

'အေး . . . သာယာတပ်မက်ပြီးတော့ ငါကြီးပွားပြီ၊ ငါချမ်းသာပြီလို့ ဒီဥစ္စာပစ္စည်းတွေပေါ်မှာ အားရကြည်နူးနေတာလောက် ပတ်ဝန်းကျင်ကပဲ ကိုယ့်ကို ဖူးဖူးမှုတ်ထားတဲ့အတွက် ကျေနပ်နေသလောက် ကုသိုလ်တွေချည်းလား၊ အကုသိုလ်တွေချည်းလား'

'အကုသိုလ်တွေချည်းပါဘုရား'

http://www.dhammadownload.com



'သိကြရဲ့လား'

'သိပါတယ်ဘုရား'

'သိတယ်သာပြောတာ၊ မသိလို့ ဒီလောက်ထိပျော်နေတာပေါ့'

'မှန်လှပါဘုရား'

'တစ်နေကုန်တစ်နေခန်းလည်းပဲ ရှာလို့အားမရ၊ နောက်နေ့ နောက်နေ့ တွေလည်းရှာလို့ အားမရ၊ သေထိတိုင်အောင်လည်းပဲ ရှာလို့အားမရ၊ အဲဒီလို ရှာလို့အားမရတဲ့ ဟောဒီရလာတဲ့ ဥစ္စာပစ္စည်းတွေဟာ အများသူငါ လူပုံအလယ် ဘယ်ကိုပဲသွားသွား တင့်တင့်တယ်တယ်နဲ့ မြှောက်စားခံရတဲ့ အတွက် မြောက်ကြွမြောက်ကြွဖြစ်ပြီးတော့ အပျော်ကြီးပျော်နေတာဟာ လောဘတရားနဲ့ မြှောက်စားခံရလို့ ပျော်တဲ့အပျော်လည်း မကောင်းပါလား ဆိုတာကို အခုလိုသရုပ်ခွဲပြီးတော့မှ အကုသိုလ်နဲ့ပျော်ရတာပါလားလို့ သိသွားတာနော်'

'မှန်လှပါဘုရား'

'ဒါဖြင့် . . . ဒီအချိန်မှာပျော်ရင်းသေရင် ဘယ်သွားရမယ်'

'အပါယ်သွားရမှာပါဘုရား'

'စုရင်းသေရင်လည်းပဲ အပါယ်သွားရမှာ၊ တစ်နေ့ တစ်နေ့ ဘယ် အတွက် ကြိုးစားနေလဲ'

'အပါယ်သွားဖို့ ကြိုးစားနေတာပါဘုရား'

'တိုးတိုးပြောကြနော်၊ အပါယ်အတွက် ကြိုးစားနေတာတော်လား'

'မတော်ပါဘူးဘုရား'

'နောက်နေ့လည်း ဘယ်အတွက် ကြိုးစားမယ်'

'အပါယ်အတွက်ကြိုးစားနေတာပါဘုရား'

'ကြိုးစား ကြိုးစား ကြိုးစားကြပေါ့နော်၊ ဒီလောက် သိတာတောင်

http://www.dhammadownload.com



အပါယ်အတွက် ကြိုးစားအုံးမယ်၊ သင့်တော်ပါ့မလား'

'မသင့်တော်ပါဘုရား'

'ဒါနေ့ဘက်မှာ မြှောက်စားပြီးတော့ အကုသိုလ်နဲ့ ပျော်နေပုံလေး ပြောလိုက်တာ -

'ကဲ . . . ညဘက်ကိုရောက်ပြီ၊ ရှာထားဖွေထားတဲ့ ဥစ္စာပစ္စည်းတွေ ကိုယ်မှာရှိပြီ၊ ကိုယ်တတ်နိုင်လို့ ကျောက်လေးတွေဝယ်ထား၊ အဲဒီဝယ်ထားတဲ့ ကျောက်လေးတွေမနေ့ကမှ ဝယ်ထားတယ်ပေါ့၊ ယနေ့ညကျတော့ ကိုယ့်မှာ အဲဒီဥစ္စာပစ္စည်းလေးတွေရှိပြီဆိုတော့ အဲဒီအထုပ်လေးကို စိတ်ချလား'

'မချပါဘူးဘုရား'

'တံခါးဖွင့်အိပ်မှာလား ပိတ်အိပ်မှာလား'

'ပိတ်အိပ်မှာပါဘုရား'

'အဲဒီတံခါးလေးပိတ်ပြီးတော့ အိပ်ပါပြီ၊ ညဘက်မှာ -

'ကဲ-အိပ်တော့မယ်ဆိုပြီး ကိုယ်လေးကိုဆန့်ဖို့အတွက် ကုတင်ပေါ်မှာ ကျောလေးဆန့်ပြီး လှဲလိုက်လို့ ခေါင်းအုံးနဲ့ ခေါင်းလေး ထိကာစရှိသေး၊ ဖျတ်ကနဲငုတ်တုတ်ထိုင်မိတယ်၊ ဪ-တံခါးမှ ပိတ်မိရဲ့လား၊ ပိတ်ထားတာ တောင်နော်၊ ကဲ-အဲလိုပိတ်မိရဲ့လားလို့သံသယလေးရှိတာနဲ့ ဖျတ်ကနဲ မထ ဘူးလား'

'ထပါတယ်ဘုရား'

'ပိတ်ထားတာ သေချာတာတောင် ဂျက်လေးကိုသွားကြည့်သေးတာ၊ ဆွဲဖွင့်ကြည့်သေးတယ်၊ သော့ခလောက်ခတ်ထားတာတောင်မှ ခလောက် ကြည့် လိုက်သေးတယ်၊ ဟုတ်ကောဟုတ်ရဲ့လား'

'ဟုတ်ပါတယ်ဘုရား'

'အဲဒီလောက်ထိ ချောက်ချားနေတာ ဘာဖြစ်လို့၊ ဥစ္စာပစ္စည်းခြောက်

http://www.dhammadownload.com



နေတာ၊ ကိုယ်ရှိထားတဲ့ ဥစ္စာပစ္စည်း ကိုယ်က စိတ်မချဘူးလေ'

'မှန်လှပါဘုရား'

'အဲဒီ စိတ်မချတဲ့ အထုပ်ကြောင့်လည်း အိပ်မရဘူး၊ အိပ်မရလို့လည်း ပြတင်းပေါက်လည်း နည်းနည်းမဟနဲ့ ချက်ချင်းထပိတ်တာ၊ အေးလို့တော့ မဟုတ်ပါဘူး၊ သူခိုးများ ဒီကတက်လာရင်ခက်ရချည်ရဲ့ -

'ကဲ . . . အဲဒီကျတော့ ဥစ္စာပစ္စည်းက ညဘက်တွေတော့ သူတော်စင်များကို မခြောက်ဘူးလား'

'ခြောက်ပါတယ်ဘုရား'

'ခြောက်တော့ပျော်လား ကြောက်လား'

'ကြောက်ပါတယ်ဘုရား'

'ကြောက်တာက ဒေါသ'

'မှန်လှပါဘုရား'

'အဲဒီ ဒေါသ ဘယ်မှာပေါ်'

'စိတ်မှာပေါ်တာပါဘုရား'

'သေရင် ဘယ်သွားရမယ်'

'အပါယ်သွားရမှာပါဘုရား'

'ညဘက်ရောက်တော့လည်း စိတ်မချဘူး၊ နေ့ဘက်ရောက်လည်း ပျော်နေပြန်တယ်၊ အဲဒီပျော်တာ လောဘ၊ ကြောက်တော့ ဒေါသ'

'မှန်လှပါဘုရား'

'ဘယ်ဟာကောင်းလဲ'

'ဘယ်ဟာမှမကောင်းပါဘူးဘုရား'

'မကောင်းတာကို ကြည့်စမ်းပါအုံး၊ ရှာလိုက်တဲ့အချိန်က ဆယ့်လေးနာရီ၊ ဟိုဘက်မှာ နှစ်နာရီက ဆရာသမားတွေက သာသာထိုးထိုးပေးထားလို့

http://www.dhammadownload.com



တစ်ချို့မှာ အချိန်ပိုဆင်းလိုက်သေး၊ မဆင်းဘူးလား ဆင်းလား'

'ဆင်းပါတယ်ဘုရား'

'လုပ်ချိန်ထက်ကို အချိန်ပို ဆင်းလိုက်သေးတယ်၊ ဟော. . . တရားကို အားထုတ်လို့ အချိန်ပိုလေးပေးပါဆိုတော့ ညည်းနေကြတယ်၊ တွန့်နေကြတယ်၊ အဲ . . . အပါယ်လေးပါးလွတ်ဖို့ကျတော့ ကိုယ့်ကို ညှာလား'

'မညှာပါဘူးဘုရား'

'ညှာပါတယ်၊ ဒီဘက်မှာသာ မညှာတာ၊ သေချင်သေပါစေ လုပ်နေကြတာ၊ အဲဒါပြန်ကြည့်ခြင်းအားဖြင့် တစ်နေ့တစ်နေ့ ရှာနေတဲ့ လောကီဥစ္စာတွေသည် နေ့ဘက်မှာ မြှောက်စားသလောက် ညဘက်မှာ ခြောက်ခြားလိုက်တာ သေရင် ကိုယ်ကျိုးနည်းပါပေ့လား၊ ဒီလိုနဲ့ သေသွားခဲ့ကြတာ မများဘူးလား များလား'

'များပါတယ်ဘုရား'

'အခု သူတော်စင်များက မသေလို့ အချိန်မီနေတာနော်'

'မှန်လှပါဘုရား'

'သေသွားတဲ့ ပုဂ္ဂိုလ်တွေအတွက် ရင်နာစရာ မကောင်းဘူးလား'

'ကောင်းပါတယ်ဘုရား'

'ကဲ . . . အဲဒီတော့ မိမိတို့ ဒီလိုမသိဘူးလား သိလား'

'သိသွားပါပြီဘုရား'

'လောကီ ဥစ္စာသည် ရှာတုန်းကလည်း အကုသိုလ်၊ စုတော့လည်း အကုသိုလ်၊ နေ့မှာမြှောက်စား ညမှာအခြောက်ခံရတော့လည်း အကုသိုလ်တွေနဲ့ ကြောက်နေရပြန်တယ်'

'မှန်လှပါဘုရား'

'သေရင်အပါယ်မှတစ်ပါး သွားစရာမရှိဘူးနော်၊ တစ်နေကုန် တစ်နေခန်းလည်း ရုန်းကန်လှုပ်ရှားပြီး ခန္ဓာကိုယ်ကို ပင်ပန်းဆင်းရဲခံပြီး မရှာ

http://www.dhammadownload.com



ဘူးလား'

'ရှာပါတယ်ဘုရား'

'သေသွားတော့လည်း အပါယ်သွားရမယ်ဆိုတော့ ရှာရကျိုးနပ်လား'

'မနပ်ပါဘူးဘုရား'

'မနပ်တော့လည်း နောက်နေ့ ဘာပြန်ရှာမယ်၊ ပြောပါ ရဲရဲတင်းတင်း၊ မရှာနဲ့မဟုတ်ဘူးရှာ၊ သို့သော်လည်းပဲ ဒီဘက်မှာ မေ့မှာစိုးလို့ပြောနေတာ'

'မှန်လှပါဘုရား'

'ရှာသာ ရှာနေရတယ်၊ ရှာရကျိုးနပ်လားမေးတော့'

'မနပ်ပါဘူးဘုရား'

'ဒီတစ်ချက်လေးကို သဘောပေါက်ပါစေနော်'

'မှန်လှပါဘုရား'

'လောကုတ္တရာဥစ္စာကျတော့ ဘယ်လိုသဘော သွားရှိလဲဆိုတော့ အကျိုးပေးလေး ပြောသွားတာက -

"လောကုတ္တရာဥစ္စာ၊ နေ့ပျော်က၊ ညမှာပျော်လေသည်"

'ယနေ့သူတော်စင်များက ဟောဒီမှာ ညတရားပွဲလာနာကြတယ်၊ မနက်ပိုင်းလည်း တရားလာနာကြတယ်၊ အဲဒီလို လာနာကြတယ်ဆိုတာ ဘာလာရှာလဲဆိုရင် လောကုတ္တရာဥစ္စာ ဘာလာရှာသလဲ'

'လောကုတ္တရာ ဥစ္စာပါဘုရား'

'လောကုတ္တရာဥစ္စာရှာတဲ့အခါမှာ နေ့ဘက်မှာရှာရင် နေ့ဘက်မှာ ပျော်ရသည်၊ ညဘက်မှာရှာရင် ညဘက်မှာပျော်ရသည်၊ အဲဒီ အပျော်ကျတော့ ဒါနကုသိုလ်တွေပြု၊ ကုသိုလ်လေးကို အာရုံပြုပြီး မပျော်ရဘူးလား'

'ပျော်ရပါတယ်ဘုရား'

'သီလကုသိုလ်တွေစောင့်ထိန်း၊ ဒီသီလ ကုသိုလ်တွေကို အာရုံပြုပြီး

http://www.dhammadownload.com



တော့ မပျော်ဘူးလား'

'ပျော်ရပါတယ်ဘုရား'

'ငါ့မှာ ဒီနေ့ ဒါနကုသိုလ်ရှိတယ်၊ သီလကုသိုလ်ဒီနေ့ရှိတယ်၊ ဘာဝနာကုသိုလ်တွေ ပွားများထားတယ်၊ အသိတွေငါ့မှာရှိတယ်ဆိုပြီး နေ့ခင်းနေ့ခင်းမှာလည်း ဒါနကုသိုလ်တွေအာရုံပြုပြု၊ သီလကုသိုလ်တွေအာရုံပြုပြု၊ သိထားတဲ့ ခန္ဓာဉာဏ်ရောက် နှလုံးသွင်းသွင်း ကိလေသာအလိုဆိုးတွေကို နှိမ်နင်းပြီးသား မဖြစ်ဘူးလား'

'ဖြစ်ပါတယ်ဘုရား'

'အဲဒါဆိုရင် နေ့ဘက်ပျော်ရင်းနဲ့ သေရင် အပါယ် လွတ် မလွတ်'

'လွတ်ပါတယ်ဘုရား'

'အပါယ်လွတ်မှန်းသိလို့လည်း ပျော်ရပါတယ်၊ ညဘက်မှာလည်းပဲ ကိုယ်သိတဲ့ ဒါနကုသိုလ်တွေပြုခဲ့တာ၊ သီလကုသိုလ်တွေစောင့်ထိန်းခဲ့တာ၊ ဘာဝနာကုသိုလ်တွေ ပွားများခဲ့တာတွေကို ပြန်အာရုံပြုတော့ အာရုံပြုရင်းလည်း ငါ့မှာ ဒီနေ့ ကုသိုလ်တွေရှိပါလား၊ သီလကုသိုလ်တွေစောင့်ထိန်းတော့လည်း သီလကုသိုလ် ငါ့မှာရှိပါလား၊ တရားနာတော့လည်း တရားနာတဲ့ကုသိုလ်လေး ငါ့မှာရှိတယ်၊ ဒီအသိတရားတွေကို ခန္ဓာဉာဏ်ရောက်အောင် သင်ပေးလိုက်တဲ့အတွက်ကြောင့်မို့ ဒါလေးကို နှလုံးသွင်းမယ်ဆိုတော့ -

'ဟော . . . အိပ်နေရင်းနဲ့လည်း နှလုံးသွင်းနေတဲ့ အရှိန့် အသိကိုက်နေတဲ့ အချိန်အခါမှာ ခုနတုန်းက ခြောက်ခြားစရာတွေ ဥစ္စာပစ္စည်းတွေက လာခြောက်သေးလား'

'မခြောက်ပါဘူးဘုရား'

'ကြောက်ဖို့ကော သတိရသေးလား'

'မရပါဘူးဘုရား'

http://www.dhammadownload.com



'ကုသိုလ်ကိုအမှတ်ရတဲ့ပုဂ္ဂိုလ် ကုသိုလ်ကနေပြီးတော့ ကိုယ့်ကို ငြိမ်းချမ်းအောင်လုပ်ပြီးတော့ စောင့်ရှောက်ထားတဲ့အတွက်ကြောင့်မို့လို့ အဲဒီအချိန်သေရင် အပါယ်တံခါးပိတ်မပိတ်'

'ပိတ်ပါတယ်ဘုရား'

'အဲဒါဘာယ်ဥစ္စာရှာလို့'

'လောကုတ္တရာဥစ္စာရှာလို့ပါဘုရား'

'လောကုတ္တရာဥစ္စာရှာရင် ချက်ချင်းလက်ငင်း အကျိုးရမှာနော်'

'မှန်လှပါဘုရား'

'အခုတရားနာနေတဲ့ အခိုက်အတန့်လေးမှာ လောကုတ္တရာဥစ္စာ လာရှာတာကိုပဲ သဘောပေါက်အောင်ပြောရင် တရားဂုဏ်တော်ခြောက်ပါးထဲမှာ သူတော်စင်များကို အနည်းအကျဉ်း ဖော်ထုတ်ပြရင် သွာက္ခာတော ဘဂဝတာ ဓမ္မော၊ ရွှေဘုန်းတော်သခင် ရှင်တော်မြတ်ဘုရားသည်။ ဓမ္မော- မဂ်၊ ဖိုလ် နိဗ္ဗာန် ဓမ္မက္ခန်ဟု ဆယ်တန်သောတရားတော်မြတ်ကို။ သွာက္ခာတော - ကြားနာရုံပင် အပူစင်၍၊ များမြင်သုတ၊ ဉာဏ်ကြီးရ၍၊ အစကောင်းဝယ်၊ ကျင့်ကြံဖွယ်ကြောင်း၊ အလယ်ကောင်းထုံး၊ အေးငြိမ်းနှုန်းဖြင့်၊ အဆုံးကောင်းရာ၊ ကောင်းသုံးဖြာဖြင့်၊ ကောင်းစွာဟောကြားတော်မူခဲ့ပြီ၊ ယခုတရားလည်း နာရ၍ နာကြားနေတဲ့အခိုက်အတန့်မှာ မိမိတို့သန္တာန် ရင်ထဲကြည့်လိုက်စမ်း၊ တရားကိုအာရုံညွတ်ပြီးတော့ နာကြားနေတဲ့အခိုက်အတန့်လေးမှာ ဟိုအိမ်က ကိစ္စ၊ ဒီအိမ်ကကိစ္စ၊ ဟိုအရောင်းအဝယ်ကိစ္စ၊ ဒီအရောင်းအဝယ်ကိစ္စ၊ ကိုယ့်ရဲ့သန္တာန်မှာ တရားကို အာရုံညွတ်နေတဲ့အခိုက် အတန့်ပေါ်ရဲ့လား'

'မပေါ်ပါဘူးဘုရား'

'မပေါ်ရင် အဲဒီ မငြိမ်းချမ်းတဲ့ ကိလေသာတွေရဲ့အနှောင့်အယှက်က မလွတ်နေဘူးလား'

'လွတ်နေပါတယ်ဘုရား'

http://www.dhammadownload.com



'အကုသိုလ်တွေကော ကင်းမနေဘူးလား'

'ကင်းနေပါတယ်ဘုရား'

'ဒီလိုဆိုရင် ကိုယ့်ရဲ့ပူပန်မှုအားလုံး ဒီအခိုက်အတန့်မှာ စင်ကြယ်အောင် စောင့်ရှောက်နိုင်တာ ဘာလာရှာတဲ့အချိန်'

'လောကုတ္တရာဉစ္စာလာရှာတဲ့ အချိန်ပါဘုရား'

'တရားနာတုန်းလေးပဲရှိသေးတယ်နော်'

'မှန်လှပါဘုရား'

'အပူလေးတွေ မစင်ဘူးလား စင်နေလား'

'စင်နေပါတယ်ဘုရား'

'ဒါကို အကာလိကော အခါမလင့် အကျိုးပေးတယ်လို့ခေါ်တယ်'

'မှန်လှပါဘုရား'

'ချက်ချင်းလက်ငင်းအကျိုးမရဘူးလား ရသွားလား'

'ရပါတယ်ဘုရား'

'ကြားနာရုံပင် အပူစင်၍ ကျင့်လျှင်ချမ်းသာ၊ မိမိတို့ တရားမွေတွေကို ဟောဒီ နာကြားတဲ့အတိုင်း ခန္ဓာဉာဏ်စိုက် သင်ပေးတာကို ပြန်ပြီးနှလုံးသွင်းလို့ လက်တွေ့ကျင့်ကြံလိုက်ရင် ခန္ဓာပြတဲ့ ကိုယ်နဲ့စပ်ပြီးပေါ်တဲ့ရုပ်တရား၊ စိတ်နဲ့စပ်ပြီးပေါ်တဲ့ နာမ်တရား၊ အရှိရုပ်နာမ်တွေအပေါ်မှာ အသိဉာဏ်လည်းကိန်းပြီးတော့ အနိစ္စပြနေတာကို မြင်အောင်ကြည့်တိုင်းမှာ လောဘ၊ ဒေါသ၊ မောဟဆိုတဲ့ ကိလေသာအလိုဆိုးတွေကို ကိုယ့်ရဲသန္တာန်မှာ နေရာယူခွင့်မရအောင်လို့ ပယ်ရှင်းထားတဲ့အတွက်ကြောင့်မို့လို့ ကိလေသာ အပူမီးတွေ ကင်းနေတဲ့အချိန် မချမ်းသာဘူးလား'

'ချမ်းသာပါတယ်ဘုရား'

http://www.dhammadownload.com



'လောဘ၊ ဒေါသ၊ မောဟနဲ့ ရှာနေရတဲ့ လောကီဥစ္စာနယ်ပယ်မှာ ကျတော့ ပူလောင်မှုတွေနဲ့ဆိုတော့ ငြိမ်းချမ်းရဲ့လား'

'မငြိမ်းချမ်းပါဘူးဘုရား'

'လောကီဥစ္စာကိုရှာတဲ့အချိန်မှာ လောင်တယ်နော်'

'မှန်လှပါဘုရား'

'အဲဒီလောင်ခဲ့သမျှကို ဟောဒီလောကုတ္တရာ ဥစ္စာကိုရှာတဲ့အတိုင်း လေး သိတဲ့အတိုင်း ကျင့်မယ်ဆိုရင် မချမ်းသာဘူးလား'

'ချမ်းသာပါတယ်ဘုရား'

'အပူတွေငြိမ်းတဲ့အတွက် ချမ်းသာနေတာ၊ ဒါကြောင့် ကျင့်လျှင် ချမ်း သာဆိုတာက ဘယ်ဥစ္စာရှာမှ'

'လောကုတ္တရာဥစ္စာရှာမှပါဘုရား'

'ကြားနာရုံပင်အပူစင်၍ ကျင့်လျှင်ချမ်းသာ၊ ကျင့်ပြီးကလည်း လွန်စွာ ငြိမ်းချမ်း၊ တရားမေ့တွေကိုကျင့်လို့ လမ်းဆုံးခရီးကို ကောင်းစွာရသွားရင် မိမိသန္တာန် မဂ်၊ ဖိုလ်ကိန်းသွားတဲ့ ပုဂ္ဂိုလ်၊ ကိလေသာအပူမီးတွေကို အပြီး တိုင်ငြိမ်းလိုက်တဲ့အတွက်ကြောင့်မို့လို့ အလွန်အေးချမ်းတာက နိဗ္ဗာန်ကို မျက်မှောက်ပြုတာနော်'

'မှန်လှပါဘုရား'

'ဒါဖြင့်ရင် ကျင့်ပြီးလျှင် ငြိမ်းချမ်းတဲ့ ချမ်းသာမှုကို မျက်မှောက်ပြု နိုင်တာ ဘယ်ဥစ္စာရှာမှ'

'လောကုတ္တရာဥစ္စာရှာမှပါဘုရား'

'ဒါဖြင့်ရင် လောကုတ္တရာဥစ္စာကို ရှာနိုင်တဲ့ပုဂ္ဂိုလ် အပါယ်ဘယ်တော့ မှ မကျတော့ဘူး'

'မှန်လှပါဘုရား'

http://www.dhammadownload.com



'နိဗ္ဗာန်ကိုလည်း မျက်မှောက်ပြုပြီး ချမ်းချမ်းသာသာ နေနိုင်တယ်ဆိုတာကို မပေါ်သွားဘူးလား'

'ပေါ်သွားပါတယ်ဘုရား'

'ဒါဆိုရင် လောကီဥစ္စာ၊ လောကုတ္တရာဥစ္စာ ပထမသွားလေးကို နှိုင်းယှဉ်ပြတဲ့ဥစ္စာမှာ လောကီဥစ္စာသည် နေ့ခြောက်တတ်သည်၊ ညခြောက်တတ်သည်၊ သေရင် အပါယ်မှတစ်ပါးသွားစရာမရှိပါ။ လောကုတ္တရာဥစ္စာသည် နေ့လည်းပျော်ရ၊ ညလည်းပျော်ရ၊ ကုသိုလ်နဲ့ပျော်နေရတာဖြစ်တဲ့အတွက်ကြောင့်မို့ အပါယ်တံခါးပိတ်ပြီး နိဗ္ဗာန်ကိုရောက်သည်၊ ဒါကြောင့် ဥစ္စာနှစ်မျိုးမှာ ဘယ်ဥစ္စာက တန်ဖိုးကြီး'

'လောကုတ္တရာဥစ္စာပါဘုရား'

'ဒါတရားနာလို့သိတာနော်'

' မှန်လှပါဘုရား '

'လောကီဥစ္စာကို ပစ်ပယ်ခိုင်းတာမဟုတ်ပါဘူး၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက အရွယ်သုံးပါးလုံးမှာ လောကီဥစ္စာကိုလည်း တစ်ဖက်သောမျက်လုံးကရှာ၊ တစ်ဖက်သောမျက်လုံးက လောကုတ္တရာဥစ္စာကိုလည်းရှာ၊ ယခု သူတော်စင်များက မရှာဘူးလားမေးတော့'

'ရှာပါတယ်ဘုရား'

'လောကုတ္တရာဥစ္စာဘက်မှာ'

' မေ့ပါတယ်ဘုရား '

'ပွင့်ကိုမပွင့်သေးတာ၊ မေ့တယ်ဆိုတာတောင်လွန်သွားပြီ၊ တစ်ချို့မရှာဘူးလား ရှာလား'

'ရှာပါတယ်ဘုရား'

'တစ်ချို့တော်တော်များများ ရှာကြပါတယ်၊ အဲလိုရှာကြတဲ့ပုဂ္ဂိုလ်တွေနှစ်ဖက်မြင်ပါတယ်၊ တစ်ချို့သော ပုဂ္ဂိုလ်တွေက ရှာတော့ရှာတယ်၊ တရားပွဲ

http://www.dhammadownload.com



လေးရှိတဲ့အချိန် သွားနာလိုက်တယ်၊ ပြီးရင် ပစ်ထားလိုက်တယ်၊ ဒီလိုမျိုးတွေကော ရှိလား မရှိဘူးလား'

'ရှိပါတယ်ဘုရား'

'အဲဒီပုဂ္ဂိုလ်မျိုးကျတော့ ပွင့်ပါတော့မလား'

'မပွင့်ပါဘူးဘုရား'

'အဲဒါက ဘာကြောင့်လဲမေးတော့၊ သဘောထားရဲ့အကျိုးပေးကို မသိလို့ပါ'

'မှန်လှပါဘုရား'

'ယခုတော့ အကျိုးပေးပထမကို သိသွားပြီနော်'

'မှန်လှပါဘုရား'

'အကျိုးပေးကို အဲလောက်သိရင်ကိုပဲ ဉာဏ်ရှိတဲ့ပုဂ္ဂိုလ် ငါဘာလုပ်သင့်တယ်ဆိုတာ ဆုံးဖြတ်ချက်ချလို့ ရသွားပြီ'

'မှန်လှပါဘုရား'

'လောကုတ္တရာဉစ္စာ ရှာထားတဲ့ပုဂ္ဂိုလ် လောကီဉစ္စာရှာတဲ့အခါမှာ နဂိုတုန်းက လောဘ၊ ဒေါသ၊ မောဟတွေအလွန်များပြားပြီးတော့ နှိပ်စက်ခံရပေမယ့် လောကုတ္တရာဉစ္စာ ရှာလာတဲ့ ပုဂ္ဂိုလ်လောဘတွေများရင် ဟောဒါ မတော်ပါလား၊ ဒေါသတွေ ဖြစ်လာရင် ဒါမတော်ပါလားလို့ စောင့်ရှောက်ထိန်းသိမ်းလိုက်ရင် လောဘ မနည်းသွားဘူးလား'

'နည်းသွားပါတယ်ဘုရား'

'ဒေါသကော မနည်းသွားဘူးလား'

'နည်းသွားပါတယ်ဘုရား'

'အဲလို နည်းအောင် နည်းအောင်စောင့်ရှောက်နိုင်ရင် တစ်ဖက်သော မျက်လုံးပွင့်တော့မယ်'

'မှန်လှပါဘုရား'

http://www.dhammadownload.com



'ဒါကြောင့်မို့ လောကုတ္တရာဥစ္စာကော မရှာရဘူးလား'

'ရှာရပါတယ်ဘုရား'

'ပထမ အကျိုးသွားကို သဘောပေါက်သွားရင် ဒုတိယအကျိုးသွား ဆက်ပြီးတော့ နှိုင်းယှဉ်ပြတာက - '

"လောကီဥစ္စာရှင်စဉ်မှာ၊

မြောက်ကာသေက ခြောက်လေသည် "

'တစ်နေ့တစ်နေ့ အပင်ပန်း အဆင်းရဲခံပြီးတော့ ဒုက္ခမျိုးစုံကြားထဲမှာ ပင်ပန်းရကောင်းမှန်းမသိ၊ ဖျားနာ ခေါင်းကိုက်ရင်တောင် သေရင်သေပါစေ ဆိုပြီးတော့ ဆေးလေးသောက်ပြီး အရရှာခဲ့ကြတဲ့ဘဝ၊ ဘယ်လောက်တောင် များ အခြေအနေဆိုးတယ်ဆိုတာ ရှာနေတဲ့ ဥစ္စာပစ္စည်း၊ ရှာရကျိုးမနပ်ပုံလေး ကို ဒုတိယအကျိုးသွားက ပြသွားပါပြီ၊ ရှင်စဉ်မှာ ကိုယ်ရှာထားတဲ့ ဥစ္စာ ပစ္စည်းတွေက ကိုယ့်ကို အဲဒီရှင်တဲ့အခိုက်အတန့်မှာ တင့်တင့်တယ်တယ် ဝတ်စားပြပြီးတော့ လူလယ်ခေါင်မှာ ကြွားခိုင်းပါလိမ့်မယ်၊ အဲလိုကြွားတော့ ကိုယ်က လက်မလေးထောင်ပြီးတော့များ မြောက်ကြွမြောက်ကြွ ပျော်လွှန်း နေတာသည် လောဘတရား သေရင်အပါယ်သွားရမည်၊ သေရင်လည်း ဥစ္စာပစ္စည်းက ခြောက်အုံးမယ်၊ ဘယ်လိုခြောက်လဲ၊ ဝတ်ထားတဲ့လက်ဝတ် လက်စားတွေ၊ အနာရောဂါ နှိပ်စက်လို့ သေပေါက်သေဝရောက်နေတဲ့အချိန် သေတော့မသေသေးဘူး'

'မှန်လှပါဘုရား'

'ရောက်လာသည့်ပုဂ္ဂိုလ်ကလည်း ကိုယ်ပေးချင်တဲ့လူ မဟုတ်လို့ စိတ်မချတော့ ကိုယ့်ကိုနှိပ်စက်တဲ့အနာရောဂါ သတိမရ၊ ဘယ်တော့များ ဖြုတ်မလဲ စိုးရိမ်နေ၊ ရုတ်တရက်မျောသွား၊ သေတယ်ထင်ပြီးတော့ ချွတ်ယူ လိုက်ကော ကဲ . . . သွက်တဲ့ပုဂ္ဂိုလ်က မယူလိုက်ဘူးလား'

'ယူလိုက်ပါတယ်ဘုရား'

http://www.dhammadownload.com



'အဲလို ယူလိုက်တော့ ကုသိုလ်လား အကုသိုလ်လား'

'အကုသိုလ်ပါဘုရား'

'ယူတဲ့ပုဂ္ဂိုလ်မှာလည်း အကုသိုလ်၊ ဟိုမှာကလည်းပဲ မသေသေးဘူး၊ ဟော သတိလည်းပြန်လည်လာတော့၊ သတိရတာက သူ့ရောဂါသတိမရဘူး၊ နားလေးလှမ်းစမ်းကြည့်တယ်၊ နားကပ်မရှိတော့ဘူး၊ လက်လေးဖြန့်ကြည့်တယ် လက်စွပ်မရှိတော့ဘူး၊ အဲဒီကျတော့ ထိတ်ထိတ်ပြာပြာနဲ့ ငါ့ပစ္စည်း မရှိတော့ဘူး ဘယ်ရောက်သွားလဲ၊ လုပ်ပြီနော်'

'မှန်လှပါဘုရား'

'ဘယ်သူကခြောက်တာလဲ'

'ဥစ္စာပစ္စည်းကခြောက်တာပါဘုရား'

'အဲဒါနဲ့များ သေရင်သွားပြီနော်'

'မှန်လှပါဘုရား'

'ဒီဥစ္စာပစ္စည်းစွဲပြီးသေရင် ပြိတ္တာလည်းဖြစ်မှာ၊ ငရဲလည်းကျမှာပဲ၊ အဲဒါကို မသိတဲ့အတွက်ကြောင့် အစွဲကြီးစွဲနေတဲ့အစွဲတွေကို ယနေ့ရပ်တန်းက ရပ်ဖို့အတွက် သတိပေးရမှာလား မပေးရမှာလား'

'ပေးရမှာပါဘုရား'

'ဘယ်အချိန်လာတတ်လဲမေးရင် သေခါနီး၊ အဲဒီကျတော့ ဟိုဟာလည်းပဲ ဟော ရှောင်လို့မရတော့ အမေ ယတြာချေရမယ်ဆိုလို့ ခဏဖြုတ်ထားတာပါ ပြန်ပေးမယ်ဆိုပြီး ပြန်တပ်ပေးရတယ်၊ ဒါမျိုးတွေကော မရှိဘူးလား'

'ရှိပါတယ်ဘုရား'

'မိမိတို့ကော ဒီအတိုင်းပဲလား'

'မဟုတ်ပါဘူးဘုရား'

http://www.dhammadownload.com



'မဟုတ်ဘူးပေါ့၊ ဒါဖြင့်ဥစ္စာပစ္စည်းကို ရှာနေကြတဲ့ သူတော်စင်များ သတိထားလိုက်ပါ၊ ရှင်စဉ်မှာ မြှောက်စားတတ်ပါသည် လောဘနဲ့ သေခါနီးမှာပဲ ဒီဥစ္စာပစ္စည်းက ကိုယ့်ကိုခြောက်တဲ့အတွက် သောကတွေ တန်းလန်းတန်းလန်းနဲ့သေရလို့ ဒေါသတွေကိန်းတော့မယ်၊ ဒါကြောင့် ကုသိုလ်လား အကုသိုလ်လား'

'အကုသိုလ်ပါဘုရား'

'ရှင်စဉ်မှာ ပျော်တော့လည်း အကုသိုလ်၊ သေခါနီးမှာပျော်တော့လည်း'

'အကုသိုလ်ပါဘုရား'

'ကဲ . . . ဘယ်အကုသိုလ်နဲ့ ပျော်ချင်တုန်း'

'ဘယ်ဟာမှ မပျော်ချင်ပါဘူးဘုရား'

'မပျော်ချင်ရင်ရှာထားတဲ့ ဥစ္စာပစ္စည်းက သေချာပေါက်ကို ဒီအတိုင်းလုပ်တော့မှာ'

'မှန်လှပါဘုရား'

'အဲဒါတွေကို သဘောမပေါက်ဘူးဆိုရင် လောကုတ္တရာဥစ္စာဘက်မှာ မေ့နေတဲ့ပုဂ္ဂိုလ်များအတွက် သတိပေးချင်တာက ဟောဒီ ဥစ္စာပစ္စည်းကို အရင်းတည်ပြီးတော့ ဒါနကုသိုလ်လုပ်ရင် လောကုတ္တရာဥစ္စာမရဘူးလား'

'ရပါတယ်ဘုရား'

'သီလကုသိုလ်စောင့်ထိန်းရင်လည်း လောကုတ္တရာဥစ္စာမရဘူးလား'

'ရပါတယ်ဘုရား'

'ဘာဝနာကုသိုလ်ပွားရင်လည်းပဲ'

'ရပါတယ်ဘုရား'

'ရမှာပဲ၊ ဒါကြောင့်မို့ လောကုတ္တရာဥစ္စာကို အကျိုးပေးမှာ ပြောသွားတဲ့

http://www.dhammadownload.com



နေရာကျတော့ -

**"လောကုတ္တရာဥစ္စာ၊ ရှင်စဉ်မှာပျော်ကာ၊ သေခါပျော်ရသည် "**

'လောကုတ္တရာဥစ္စာကျတော့ ဒါနကုသိုလ်အတွက် ကိုယ့်ဥစ္စာပစ္စည်း ရှာထားဖွေထားတာကို ဒီလိုသဘောပေါက်တဲ့အခါကျတော့ ရအောင်ကြိုးစားပြီး လှူမယ်ဆိုတော့ ဒါနကုသိုလ်ထုပ်လည်း မရသွားဘူးလား'

'ရပါတယ်ဘုရား'

'အဲဒီကုသိုလ်တရားသည် ငါ့ကို သံသရာတစ်လျှောက်ကို စိတ်ချရအောင်ကယ်မယ်ဆိုတာကို အားကိုးအနေနဲ့သိလို့ သေခါနီးမှာလည်း ဒီကုသိုလ်ကို အမှတ်ရခဲ့ရင် ဟောရှင်စဉ်ကာလမှာလည်း ဒီကုသိုလ်ကို အမှတ်ရနေရင် အမြဲတမ်း ဒီကုသိုလ်တရား ငါ့မှာရှိနေပါလား၊ အားကိုးတရား ငါ့မှာ ရှိနေပါလား သိတဲ့ပုဂ္ဂိုလ်ကျတော့ ကုသိုလ်နဲ့ပျော်နေတဲ့အတွက် ကြောင့်မှုလို့ သေရင် အပါယ်သွားစရာအကြောင်းရှိလား'

'မရှိပါဘူးဘုရား'

'ဘယ်ဥစ္စာက ကယ်မှာ'

'လောကုတ္တရာဥစ္စာက ကယ်မှာပါဘုရား'

'လောကီဥစ္စာထဲက လောကုတ္တရာဥစ္စာ ဆွဲထုတ်လို့လည်း မရဘူးလား'

'ရပါတယ်ဘုရား'

'သီလကုသိုလ်ကိုလည်း ဆွဲထုတ်မယ်ဆိုရင်လည်းပဲ ကိုယ့်ရဲ့သန္တာန်မှာ သီလကုသိုလ်တွေတည်ရင် လောကုတ္တရာဥစ္စာရှိတဲ့ပုဂ္ဂိုလ် အာရုံလေးပြု၊ ရှင်စဉ်မှာ သီလကုသိုလ်ရှိတာ သိရင်ပျော်ရပါတယ်၊ သေကာနီးမှာ ကိုယ့်သီလကို ကိုယ်သတိရပြီး သေသွားရင်လည်း အပါယ်မလွတ်ဘူးလား'

'လွတ်ပါတယ်ဘုရား'

'ကဲ . . . ယနေ့ကြိုးစားနေတဲ့ ဘာဝနာကုသိုလ်၊ ရှင်စဉ်မှာ အားထုတ်ထားတဲ့ သေပေါက်သေဝရောက်ရင်လည်းပဲ ဒီအသိတရားက ကိုယ့်ကို

http://www.dhammadownload.com



စောင့်ရှောက်သွားတဲ့အတွက်ကြောင့်မို့ သားသမီးကိုလည်းပဲ စွဲလမ်းခြင်းမရှိ ဥစ္စာပစ္စည်းကိုလည်း စွဲလမ်းခြင်းမရှိတဲ့အတွက် အပါယ်တံခါးပိတ်ပြီး နိဗ္ဗာန်ကို ဝင်စံသွားတဲ့ပုဂ္ဂိုလ်တွေကော များစွာမရှိဘူးလား'

'ရှိပါတယ်ဘုရား'

'အဲဒါ . . . ဘာဥစ္စာကြောင့်'

'လောကုတ္တရာဥစ္စာကြောင့်ပါဘုရား'

'ဒါလေးကို အချိန်ပေးပြီးရှာပါလို့ ထပ်တိုက်တွန်းပါတယ်၊ လောကီဥစ္စာနဲ့ လောကုတ္တရာဥစ္စာသဘောထားလေးနှစ်မျိုးတော့ မသိသွားဘူးလား'

'သိသွားပါတယ်ဘုရား'

'လောကီဥစ္စာသည် နေ့မြှောက်တတ်သည် ညခြောက်တတ်သည်၊ ရှင်စဉ်မှာ မြှောက်စားပြီး သေကာနီးမှာ ခြောက်တတ်သည်၊ သေရင်အပါယ်မှ တစ်ပါး သွားစရာမရှိပါ'

'မှန်လှပါဘုရား'

'လောကုတ္တရာဥစ္စာသည် နေ့လည်းပျော်ရ၊ ညလည်းပျော်ရ၊ ရှင်စဉ်လည်းပျော်ရ၊ သေကာနီးလည်း ပျော်ရ၊ အပါယ်လွတ်ပြီး နိဗ္ဗာန်ကိုရောက်သည်၊ ဒါဖြင့်ဥစ္စာနှစ်မျိုးရဲ့တန်ဖိုးချင်းတူလား'

'မတူပါဘူးဘုရား'

'အလွန်ကို အတိုင်းအဆမရှိအောင် ကွာလာတဲ့ တန်ဖိုးကြီးလာတဲ့ လောကုတ္တရာဥစ္စာကိုမေ့နေကြတာ၊ တတိယအရွယ်မှာ ရှာမယ်ဆိုပြီး နှလုံးသွင်းမှားနေကြလို့ ပြောနေရတာ'

'မှန်လှပါဘုရား'

'ဘုရားရှင်က အရွယ်သုံးပါးလုံးကို မရှာစေချင်ဘူးလား'

'ရှာစေချင်ပါတယ်ဘုရား'

http://www.dhammadownload.com



'ပထမအရွယ်မှာ ဉာဏ်ကောင်းတဲ့အတွက် ရဟန္တာတောင်ဖြစ်နိုင်တယ်'

'မှန်လှပါဘုရား'

'ဒုတိယအရွယ်ဆို အားလျော့သွားပြီ၊ တတိယအရွယ်မှဆို ပိုပြီးတော့ စွမ်းအားလျော့သွားပြီ၊ ဒါကြောင့်မို့ စွမ်းအားရှိတဲ့အချိန်အခါမှာ ကြိုးစားပြီး ရှာဖို့ အရွယ်သုံးပါးလုံးမှာ မမေ့နဲ့လို့ မမှာသွားဘူးလား'

'မှာသွားပါတယ်ဘုရား'

'အခု လောကီနဲ့လောကုတ္တရာရဲ့ သဘောကိုတော့ နားလည်သွားပြီနော်'

'မှန်လှပါဘုရား'

'တတိယဘယ်လိုများ နှလုံးသွင်းနိုင်အောင် ခွဲခြားပြ သွားလဲဆိုရင် -

**"လောကီဥစ္စာ သေတဲ့အခါ၊ ထားကာသွားရ ဘုံဆိုင်မည်"**

'တစ်နေ့တစ်နေ့ အပင်ပန်းဆင်းရဲခံပြီး နေထွက်က နေဝင် ချမ်းချမ်း စီးစီးလည်းမမှု၊ ဟော . . . ကိုယ့်ရဲ့သန္တာန်မှာ ရောဂါမျိုးစုံတောင် အကပ်ခံ ပြီးတော့ ကြိုးစားရုန်းကန်ပြီး အများအတွက်နဲ့ ဖြည့်ဆည်းခဲ့တဲ့ ရှာဖွေခဲ့တဲ့ ဥစ္စာပစ္စည်းတွေ ဘယ်လောက်များများ သေသွားတဲ့အခါကျတော့ ကိုယ့် နောက် ဘာပါလဲ'

'မပါပါဘူးဘုရား'

'ဘာတစ်ခုမှမပါဘူး၊ အဲလိုသေသွားရင် ဘာတစ်ခုမှ မပါသွားတဲ့ အပြင်ကို အားလုံးကို မထားခဲ့ရဘူးလား'

'ထားခဲ့ရပါတယ်ဘုရား'

'အဲလိုထားခဲ့ရတော့ ကျန်တဲ့သူတွေ ပိုင်ဆိုင်တဲ့အတွက်ကြောင့်မို့လို့ ကိုယ်ရှာတဲ့ပစ္စည်း ကိုယ်ပိုင်လား ဘုံဆိုင်လား'

'ဘုံဆိုင်ပါဘုရား'

http://www.dhammadownload.com



'အများဆိုင်အတွက်နော်'

'မှန်လှပါဘုရား'

'အများဆိုင်အတွက်နဲ့ ဘာကြောင့်များ ဒီလောက် အပင်ပန်းခံပြီး ရှာနေကြလဲ၊ ကိုယ့်ကိုပြန်ပြီး မေးကြည့်စမ်းမေးကြစမ်း၊ ဘာဖြစ်လို့ဒီလောက်များ ကိုယ့်ကိုအပင်ပန်းခံပြီးရှာနေကြသလဲလို့ အဖြေထုတ်ကြည့်စမ်းပါ၊ မသိတဲ့ အတွက်ကြောင့်မို့လို့ပါ'

'မှန်လှပါဘုရား'

'အခုသိလိုက်တဲ့အခါကျတော့ -

'ဟော-ငါတို့တစ်တွေသည် အမှားကြီးမှားခဲ့ပါလားလို့ မပေါ်ဘူးလား'

'ပေါ်ပါတယ်ဘုရား'

'ဘယ်လောက်မှားမှား ပြင်မလားမေးတော့ နောက်နေ့လည်း ဒါပဲ ရှာမှာ၊ အချိန်တွေအများကြီးပေးအုံးမှာပဲနော်၊ မပေးဘူးလား ပေးအုံးမှာ လား'

'မပေးပါဘူးဘုရား'

'ယခုဟောတဲ့အခါကျတော့မှ ဆယ့်ခြောက်နာရီမှာ ဆရာသမားတွေ က နှစ်နာရီပေးတယ်၊ ဒါကဟော့ သူပေးတာ ငါတို့မယူဘူးဟုတ်လား'

'မဟုတ်ပါဘူးဘုရား'

'အချိန်ပိုတောင် လုပ်ချင်သေးတာ အခုပြန်ကြည့်လိုက် လောကီဥစ္စာ ဆိုတာသည် သေရင်ထားခဲ့ရမယ့်ဘုံဆိုင်ပစ္စည်း၊ ယနေ့ဘုံဆိုင်ပစ္စည်းအနေနဲ့ ရှာထားဖွေထားကြတဲ့ ပင်ပန်းမှုတွေကို ပင်ပန်းရကျိုးနပ်အောင် ကိုယ်ပိုင် ပစ္စည်း မလုပ်ချင်ဘူးလား'

'လုပ်ချင်ပါတယ်ဘုရား'

'ရကြစေသတည်း ရရောလား'

'မရပါဘူးဘုရား'

http://www.dhammadownload.com



'ရချင်ရင်လက်တွေ့လုပ်ရမှာ'

'မှန်လှပါဘုရား'

'ယနေ့လောကီဥစ္စာသည် ဘုံဆိုင်ပစ္စည်းထားခဲ့ရမှာသည် ကိုယ့်ရဲ့ ရှာရမှု တန်ပါ့မလား'

'မတန်ပါဘူးဘုရား'

'ပင်ပန်းရကျိုးတန်အောင်လို့ရအောင်မယူချင်ဘူးလား'

'ယူချင်ပါတယ်ဘုရား'

'ယူချင်တယ်ဆိုရင် ရှေးသူတော်ကောင်းများရဲ့ထုံးကို နှလုံးမူ၊ ရှေးသူတော်ကောင်းများက ဘယ်လို နှလုံးသွင်းလဲဆိုတော့ ရှာထားဖွေထားတဲ့ ဥစ္စာပစ္စည်းတွေကို ထားခဲ့ရမှာနှမြောသည်၊ ဘယ်လိုတဲ့တုန်း'

'ထားခဲ့ရမှာ နှမြောသည်ဘုရား'

'ယနေ့သူတော်စင်များကျတော့ ရှာထားဖွေထားတဲ့ ဥစ္စာပစ္စည်းတွေကို ထားခဲ့ရမှာ နှမြောလား မနှမြောဘူးလား'

'မနှမြောပါဘူးဘုရား'

'ကျယ်ကျယ်လေးဖြေကြ၊ ဒါလေးကရှာပြီးရင် ဒါလေးကသားလေးအတွက်တစ်ပုံ၊ သမီးလေးအတွက်တစ်ပုံ၊ ဒါလေးကတော့ ဇနီးမယားအတွက် တစ်ပုံ၊ ဒါကငါတို့ အိုစာမင်းစာအတွက်တစ်ပုံဆိုပြီးတော့ ပုံလိုက်တာ လှူဖို့တောင် မကျန်တော့ဘူး၊ မပုံဘူးလား ပုံလား'

'ပုံပါတယ်ဘုရား'

'အဲဒီလို ပုံထားတာက ယူသွားဖို့လား ထားခဲ့ဖို့လား'

'ထားခဲ့ဖို့ပါဘုရား'

'ဒါဖြင့်သူတော်စင်များက ထားခဲ့ရမှာ မနှမြောဘူးပေါ့၊ နှမြောလား မနှမြောဘူးလား'

'နှမြောပါတယ်ဘုရား'

http://www.dhammadownload.com



'သေချင် သေပါစေ ရှာအုံးမှာပဲနော်၊ ရှေးသူတော်ကောင်းတွေက အဲဒီ လိုထားခဲ့ရမှာ နှမြောတယ်၊ ဒါကြောင့် နှမြောတာနဲ့ မနှမြောတာ ဘာကွာလဲမေးရင် -

"မနှမြောသောသူ စွန့်ပေးလှူ၊ သေမှုယူသွားရ၊

နှမြောသောသူ မပေးလှူ၊ သေမှုထားခဲ့ရ"

' ရှေးသူတော်ကောင်းတွေက ထားခဲ့ရမှာ နှမြောတဲ့အတွက်ကြောင့် မို့လို့ ပင်ပန်းခံပြီး ရှာခဲ့ရတာတွေကို တန်အောင်ဆိုပြီးတော့ ယူသွားတာ ဘာလုပ်လဲမေးရင် လှူတာ၊ ဘာလုပ်တာလဲ'

'လှူတာပါဘုရား'

'ယနေ့မိမိတို့ တစ်တွေက ရှာထားဖွေထားတဲ့ ဥစ္စာပစ္စည်းတွေကို ဘယ်သူအတွက် ဘယ်နှစ်ပုံ၊ ဘယ်သူအတွက် ဘယ်နှစ်ပုံနဲ့ ပုံလိုက်ပုံလိုက်တာ ကဲ လှူဖို့ကျန်သေးလား'

'မကျန်ပါဘူးဘုရား'

'မကျန်တော့ဘူးလား မကျန်ဘူးဆို ဘာလုပ်မှာလဲ ထားခဲ့မှာ၊ အဲတော့ ထားဖို့များ ဒီလောက်ရှာရလား မေးချင်ပါတယ်၊ ပရိသတ်ကြီးကို ကိုယ့် အတွက်ကို ဘာမှမပါဘဲနဲ့ထားခဲ့ဖို့များ ဒီလောက် အပင်ပန်းခံပြီး ရှာကြလား၊ ဟော မေးလို့တောင်မရတော့ဘူး ကလေးတစ်ယောက်ပဲ ဖြေတတ်တယ်၊ ကျန်တာကမေးလို့မရဘူး ကိုယ့်ကိုဘယ်လောက်မိုက်တယ်ဆိုတာ မပေါ်ဘူး လား ပေါ်လား'

'ပေါ်ပါတယ်ဘုရား'

'ကဲ . . . ထားခဲ့မလား ယူသွားမလား'

'ယူသွားမှာပါဘုရား'

'လောကုတ္တရာဥစ္စာဆိုတာက -

http://www.dhammadownload.com



"လောကုတ္တရာဥစ္စာ သေတဲ့အခါ၊

ယူကာသွားရ ကိုယ်ပိုင်မည်"

'ယနေ့ရှာကြတဲ့ လောကုတ္တရာဥစ္စာ ကိုယ့်ရဲ့စုဆောင်းထားတဲ့ ဥစ္စာပစ္စည်းထဲက လှူလိုက်တန်းလိုက်တဲ့ ဒါနကုသိုလ်ရှိခဲ့ရင်ပေါ့ အဲဒီ ဒါန ကုသိုလ်သည် ကိုယ့်အတွက်ဘယ်ကိုပဲသွားသွား ရန်သူမျိုးငါးပါးဖျက်ဆီးလို့ရလား'

'မရပါဘူးဘုရား'

'သေသွားရင်လည်းဘဲ သံသရာတစ်လျှောက်အတွက်ကို အထောက်အပံ့ကောင်းတွေယူသွားလို့ ရ မရ'

'ရပါတယ်ဘုရား'

'အဲဒါသည် ကိုယ်ပိုင်လား ဘုံဆိုင်လား'

'ကိုယ်ပိုင်ပါဘုရား'

'ယနေ့သီလကုသိုလ်တွေ မစောင့်ထိန်းဘူးလား'

'စောင့်ထိန်းပါတယ်ဘုရား'

'အဲဒီ . . . စောင့်ထိန်းတဲ့ သီလကုသိုလ်တွေသည် ကိုယ့်ကို ပစ္စုပ္ပန်မှာလည်းပဲ အသက်ရှည် အနာရောဂါကင်းအောင် ထောက်ပံ့လို့ အနာဂတ်သံသရာမှာလည်းပဲ အသက်ရှည် အနာရောဂါ ကင်းအောင်ထောက်ပံ့သလို နိဗ္ဗာန်ကိုရောက်သည့်တိုင်အောင် ကျေးဇူးများတဲ့ အထောက်အပံ့ကောင်းတွေနဲ့ပံ့ပိုးတော့ သံသရာမှာကော ယူသွားလို့မရဘူးလား'

'ရပါတယ်ဘုရား'

'ဒီလိုဆိုရင် လောကုတ္တရာဥစ္စာသည် ယူသွားလို့ရတဲ့ ကိုယ်ပိုင်ပစ္စည်း ဝိပဿနာအလုပ် အလုပ်လုပ်ရင်းလည်းပဲ ယူသွားလို့ရတယ်၊ ဒါဖြင့် ဒါနကုသိုလ်၊ သီလကုသိုလ်၊ ဘာဝနာကုသိုလ် ဒီကုသိုလ် တရားတွေကျတော့ ထားခဲ့ရမလား ယူသွားရမလား'

'ယူသွားရမှာပါဘုရား'

http://www.dhammadownload.com



'အဲဒီပစ္စည်းကို ဘာပစ္စည်းလို့ခေါ်'

'ကိုယ်ပိုင်ပစ္စည်းလို့ခေါ်ပါတယ်ဘုရား'

'ကဲ . . . ယနေ့သူတော်စင်များ ဘုံဆိုင်ပစ္စည်းနဲ့ကိုယ်ပိုင်ပစ္စည်း ဘယ်ဟာများ'

'ဘုံဆိုင်ပစ္စည်းများပါတယ်ဘုရား'

'ဘုံဆိုင်ပစ္စည်းဆိုယူသွားရမလား ထားခဲ့ရမလား'

'ထားခဲ့ရမှာပါဘုရား'

'ယူသွားချင်ရင်ဘာပစ္စည်း ဖြစ်အောင်လုပ်မယ်'

'ကိုယ်ပိုင်ပစ္စည်းဖြစ်အောင်လုပ်ရမှာပါဘုရား'

'ကဲ . . . မယူချင်ဘူးလား'

'ယူချင်ပါတယ်ဘုရား'

'ယူချင်တယ်ပေါ့နော်၊ အဲလိုယူချင်တယ်ဆိုရင် ယနေ့ကိုယ့်သက်တမ်းကိုယ်ပြန်ကြည့်၊ ကိုယ့်သက်တမ်းကိုယ်ပြန်ကြည့်တော့ မနက်ဖြန် အာမခံချက်ရှိလား'

'မရှိပါဘူးဘုရား'

'တရားပွဲပြီးတဲ့အထိကော အာမခံချက်ရှိသလား'

'မရှိပါဘူးဘုရား'

'ဒီလိုဆိုရင်ကိုယ်က ယူချင်တယ်ဆိုရင် အိမ်ပြန်တိုင်ပင်ရမလား၊ ချက်ချင်းယူရမလား'

'ချက်ချင်းယူရမှာပါဘုရား'

'သဘောတော့ကျသားဘဲ၊ အဲတော့ . . . ချက်ချင်းယူမယ်ပေါ့နော်

'မှန်လှပါဘုရား'

'ကဲ . . . ချက်ချင်းယူမယ်ဆို ယူပုံယူနည်းသင်ပေးမယ်၊ နောက်တော့

http://www.dhammadownload.com



မတွန့်ကြနဲ့ တွန့်မလား'

'မတွန့်ပါဘူးဘုရား'

'တွန့်မလား'

'မတွန့်ပါဘူးဘုရား'

'တွန့်ရင် တီကောင်ဖြစ်မယ်၊ အဲတော့ . . . မတွန့်ရဘူးနော်'

'မှန်လှပါဘုရား'

'ခုချက်ချင်းယူမယ်ပေါ့'

'မှန်လှပါဘုရား'

'ခုချက်ချင်းယူမယ်ဆိုရင် အိမ်မှာထားခဲ့တဲ့ပစ္စည်းတွေက အသာထားလိုက်၊ ပြန်ယူဖို့ အချိန်မှမရှိတာကို ယခုလက်ရှိ မိမိတို့ခန္ဓာကိုယ်မှာ ဆင်မြန်းထားတာတွေ ပါ မပါ'

'ပါပါတယ်ဘုရား'

'ကဲ . . . ချက်ချင်းယူမလား၊ မတွန့်နဲ့နော်၊ တွန့်ရင်ဘာဖြစ်မှာ'

'တီကောင်ဖြစ်မှာပါဘုရား'

'ဖြစ်ချင်လား'

'မဖြစ်ချင်ပါဘူးဘုရား'

'ပြောပြီးပြီ အစောကြီးထဲက မေးပြီးသား၊ အဲတော့ . . . သက်တမ်းကလည်း စိတ်မချရတဲ့အတွက်ကြောင့် ပါလာတာလေးတွေကလည်းဟော. . . ထားခဲ့ရရင် ကျန်ခဲ့ရင် ဘုံဆိုင်ပါလား၊ ကိုယ်ပိုင်အဖြစ်နဲ့ ရအောင်ယူမယ်ဆိုရင် -

'ဟော . . . ခုချက်ချင်းချွတ်လိုက် -

'ကဲ . . . ဒီမှာလာပုံရင် မရဘူးလား'

'ရပါတယ်ဘုရား'

http://www.dhammadownload.com



'လုပ်မလား မလုပ်ဘူးလား ဟော. . . တွန့်သွားပြီ၊ ဒါကြောင့်မို့ ရှေး သူတော်ကောင်းတွေက ပြောတာနော်၊ ထားခဲ့ရမှာ နှမြောတယ်၊ မိမိတို့မှာ လည်း အဲဒီဝတ်ဆင်ထားတဲ့ လက်ဝတ်လက်စားတွေ သေသွားရင် ကိုယ့် နောက် ပါမှာလား'

'မပါပါဘူးဘုရား'

'ကဲ-မပါရင် မြန်မြန်ဆန်ဆန် ယူသင့်သလား မယူသင့်ဘူးလား'

'ယူသင့်ပါတယ်ဘုရား'

'ယူသင့်ရင် ချက်ချင်းချွတ်၊ တွန့်ကုန်ကြပြီ၊ လောကီဥစ္စာသည် သေရင် ထားခဲ့ရမယ် ဘုံဆိုင်၊ လောကုတ္တရာဥစ္စာသည် သေရင်ယူသွားရမယ် ကိုယ်ပိုင်၊ ဒီလောက်သင်ပေးတာကိုတောင်မှ မလိုချင်ဘူးနော်၊ ဒါဖြင့်ရင် မျက်လုံးနှစ်လုံး ပွင့်တာလား တစ်ဖက်ပွင့်တာလား'

'တစ်ဖက်ထဲပွင့်တာပါဘုရား'

'ဩော်. . . ရှင်းသွားပြီ၊ အခုမှ တစ်ဖက်ထဲပွင့်တာ၊ ခုနတော့နှစ်ဖက် မြင်ဆို၊ မြင်ပြီလား၊ မြင်ကိုမမြင်သေးဘူး၊ အဲတော့ . . . လောကီဥစ္စာသည် နေ့မြောက်တတ်သည်၊ ညခြောက်တတ်သည်၊ ရှင်စဉ်မှာ မြောက်စား၊ သေခါနီးမှာခြောက်ပြီ၊ သေရင်လည်းပဲ ထားခဲ့ရတဲ့၊ ဘုံဆိုင်ပစ္စည်း ရှာရတာ လည်းမတန်၊ သေရင်လည်းပဲ အပါယ်မှတစ်ပါး သွားစရာမရှိတဲ့အတွက် အရှုံးကြီးရှုံးပါတယ်၊ လောကုတ္တရာဥစ္စာသည် နေ့လည်းပျော်ရ၊ ညလည်း ပျော်ရ၊ ရှင်စဉ်လည်းပျော်ရ၊ သေခါနီးလည်းပျော်ရ၊ သေရင်လည်းပဲ ယူသွား လို့ရတယ်၊ ကိုယ်ပိုင်ပစ္စည်း အပါယ်တံခါးပိတ်ပြီ၊ နိဗ္ဗာန်ကိုအရောက်ပို့တဲ့ တန်ဖိုးရှိတဲ့ပစ္စည်း။ ဒါကြောင့်မို့ အချိန်မီယူပါလို့ မတိုက်တွန်းရဘူးလား'

'တိုက်တွန်းရပါတယ်ဘုရား'

'တိုက်တွန်းသော်လည်းပဲ သူတော်စင်များက လိုက်သလားမေးတော့'

'မလိုက်ပါဘုရား'

http://www.dhammadownload.com



'ဟောရတာ မတန်လိုက်တာကွာ၊ သဘောကို ရှင်းအောင်ပြော တာတောင်မှ သဘောပေါက်တာတောင်မှ နောက်တွန့်ချင်နေသေးတယ်နော်၊ အဲတော့ . . . သုံးမျိုးတော့ရှိသွားပြီ၊ နောက်ဆုံး တစ်မျိုးကိုပြောလိုက်ပါ သည် -

"လောကီဉစ္စာ တစ်ဘဝသာ၊

သယ်ရှာဆောင်ပို့ ကျိုးနည်းသည် "

'မိမိတို့အပင်ပန်းဆင်းရဲ ဒုက္ခတွေခံပြီးတော့ ရှာဖွေစုဆောင်းတဲ့ ဥစ္စာ ပစ္စည်းတွေသည် ထားလို့သိုလို့ မရလောက်အောင် အလွန်များပြောင်ပါစေ၊ အဲဒီဥစ္စာပစ္စည်းတွေသည် ဘယ်လောက်အကျိုးပေးသန်လဲမေးရင် တစ်ဝမ်း တစ်ခါးလေးလှရုံ တစ်ဘဝအတွက်ပဲ အကျိုးများပါတယ်၊ ဒီတစ်ဘဝအတွက် ပဲနော်'

'မှန်လှပါဘုရား'

'အဲဒီဥစ္စာပစ္စည်းတွေကို ငါသေသွားရင် နောက်ဘဝအတွက်ကို သယ်သွားမယ် ရလား'

'မရပါဘုရား'

'ဒါဖြင့် ရှာထားဖွေထားတဲ့ ဥစ္စာပစ္စည်းတွေ ကျိကျိတက် ချမ်းသာ ပါစေ၊ တစ်ဘဝ၊ တစ်နပ်စာ၊ တစ်ဝမ်း တစ်ခါးလှရုံအတွက်မို့ အကျိုးပေး သိပ်နည်းပါတယ်'

'မှန်လှပါဘုရား'

'အဲဒီ နည်းလှတဲ့ အကျိုးပေးကျတော့ သေချင်သေပါစေဆိုပြီးတော့ အားသွန်ခွန်စိုက် မရှာဘူးလား'

'ရှာပါတယ်ဘုရား'

'တန်ရဲ့လား'

'မတန်ပါဘူးဘုရား'

http://www.dhammadownload.com



'သိတော့ သိသွားပြီနော်'

'မှန်လှပါဘုရား'

'လောကုတ္တရာဥစ္စာကိုပြောပါ့မယ် -

**"လောကုတ္တရာဥစ္စာ၊ ဘဝများစွာ၊**

**သယ်ရှာဆောင်ပို့ ကျိုးများသည်"**

'ယနေ့လာရှာတဲ့ဒါနကုသိုလ်၊ သီလကုသိုလ်၊ ဘာဝနာကုသိုလ်ဆိုတဲ့ လောကုတ္တရာဥစ္စာတွေကျတော့ ဟောဒီပစ္စုပ္ပန်ဘဝမှာလည်း အကုသိုလ် အပြစ်ကင်းအောင် စောင့်ရှောက်လို့ ချမ်းသာအောင်လည်းပဲ ကိုယ့်ကို သေချာပို့ပေးပါတယ်၊ ပံ့ပိုးပေးပါတယ်၊ ကိလေသာအပူမီးတွေကိုငြိမ်းစေတာ ပစ္စုပ္ပန်မှာ မငြိမ်းဘူးလား'

'ငြိမ်းပါတယ်ဘုရား'

'ကဲ . . . သူတော်ကောင်းတရားတွေကိန်းတဲ့အတွက်ကြောင့်လည်း စိတ်ချမ်းသာ ကိုယ်ချမ်းသာမနေရဘူးလား'

'နေရပါတယ်ဘုရား'

'ပစ္စုပ္ပန်မှာလည်း ချမ်းသာသလို အနာဂတ်သံသရာမှာလည်း ဒါန ကုသိုလ်၊ သီလကုသိုလ်၊ ဘာဝနာကုသိုလ်သည် နိဗ္ဗာန်မရမချင်း စောင့် ရှောက်လို့ ပံ့ပိုးပြီးအကျိုးများစေတယ်ဆိုတော့ သံသရာတစ်လျှောက်လုံးမှာ အကျိုး ကြီး မကြီး'

'ကြီးပါတယ်ဘုရား'

'လက်ရှိပစ္စုပ္ပန်မှာလည်း အကျိုးပေးများသလို၊ သံသရာမှာလည်း အကျိုးပေးက နိဗ္ဗာန်မရောက်မချင်းအကျိုးပေးတယ်ဆိုတော့ ဘဝသံသရာ တစ်လျှောက်လုံး အကျိုးများတဲ့ဥစ္စာဆိုရင် မမှန်ဘူးလား'

'မှန်ပါတယ်ဘုရား'

http://www.dhammadownload.com



'တစ်နေ့တစ်နေ့ရှာနေတဲ့ ပင်ပန်းဆင်းရဲမှုက တစ်ဘဝ၊ တစ်နပ်စာ နော်၊ အခုလောကုတ္တရာဥစ္စာကျတော့ ဘဝများစွာ အဲဒါလေးတွေကို သေချာ ကွဲပြားအောင်သိပြီဆိုရင် ယနေ့သူတော်စင်များ ဒီလိုသိသွားတဲ့အတွက် မနက်ဖြန်မှာ ဘယ်ဟာပိုရှာမလဲ'

'လောကုတ္တရာဥစ္စာပါဘုရား'

'တော်တော်ကို ဖြစ်ညှစ်ဖြေရပါလား၊ ဘယ်ဟာ ပိုရှာမှာလဲ'

'လောကုတ္တရာဥစ္စာပါဘုရား'

'လောကုတ္တရာဥစ္စာကို ပိုရှာရမှာလို့ ဆုံးဖြတ်ပြီးပြီလား အသံမလျှော့ ပါနဲ့၊ လောကီဥစ္စာနဲ့ လောကုတ္တရာဥစ္စာနှစ်မျိုးရဲ့ သဘောထား သိမသွား ဘူးလား'

'သိသွားပါတယ်ဘုရား'

'ဒီလောက်အသက် အရွယ်ရောက်သည့်တိုင်အောင်လို့ အကျိုးနည်း လှတဲ့ လောကီဥစ္စာမှာ အပါယ်လေးပါးအတွက်ကိုသာလျှင် မိမိက နေရာ တွေယူပြီးတော့ ကြိုးစားခဲ့တာဟာ မတန်ဘူးလို့ဆိုတာကိုလည်း သိသွားပြီ'

'မှန်လှပါဘုရား'

'လောကုတ္တရာဥစ္စာသည် အကျိုးများလှတဲ့ အပါယ်တံခါးပိတ်ပြီး၊ နိဗ္ဗာန်ကိုရောက်တယ်ဆိုတာကိုလည်း ပွင့်ပွင့်လင်းလင်းသိသွားပြီ၊ ဒါကြောင့် မို့လို့ ကိုယ့်ကိုယ်ကိုသနားရင် ဘယ်ဟာပိုရှာမလဲ'

'လောကုတ္တရာဥစ္စာပါဘုရား'

'ဘယ်မှာဖြေတာလဲမေးတော့ တရားပွဲမှာ ဖြေတာဟုတ်လား'

'မဟုတ်ပါဘူးဘုရား'

'အိမ်ရောက်တော့ ဒီအဖြေပေးရမှာနော်'

'မှန်လှပါဘုရား'

http://www.dhammadownload.com



'ဒါဖြင့်နက်ဖြန်ကို ဘယ်ဟာပိုရှာမလဲ'

'လောကုတ္တရာဥစ္စာပါဘုရား'

'သေချာသွားပြီ၊ အဲလိုဆိုရင် မနက်ပိုင်းမှာက သစ္စာဓမ္မာရုံ (၇) နာရီ တရားပွဲမရှိဘူးလား'

'ရှိပါတယ်ဘုရား'

'တရားပွဲရှိတယ်ဆိုတာကို ကြေညာထားတော့ သိသွားပြီပေါ့'

'မှန်လှပါဘုရား'

'ဘယ်ဥစ္စာရှာဖို့'

'လောကုတ္တရာဥစ္စာပါဘုရား'

'ကဲ လောကီဥစ္စာကိုရှာဖို့ အချိန်ကလာတိုက်နေတယ်၊ လောကုတ္တရာဥစ္စာကို ရှာဖို့ကလည်း မနက် (၇) နာရီ ည (၇) နာရီ မရှိဘူးလား ရှိနေလား'

'ရှိနေပါတယ်ဘုရား'

'အဲဒီအချိန်နဲ့ ကပ်သီးကပ်သတ် လာတိုးနေတယ်ပေါ့၊ ဘယ်လောက်တောင်တိုးလဲမေးရင် ကိုယ်ရမယ့် သိန်းတစ်ရာတန် ပစ္စည်းတစ်ခု လာချိန်းတယ်၊ မနက် (၇) နာရီလာခဲ့၊ သေချာပေါက်ရမယ်၊ ဟိုက လာချိန်းပြီနော်၊ ဟိုမှာကလည်းဘာရှိလဲ လောကုတ္တရာဥစ္စာရှာဖို့အတွက်ကိုရှိနေပြီ၊ အဲတော့ ကိုယ်က မနက်ဖြန်ကို ရှာဖို့အတွက်က ဘာရှာမယ်ပြောထား'

'လောကုတ္တရာဥစ္စာရှာမယ်လို့ ပြောထားပါတယ်ဘုရား'

'ကဲ . . . အဲဒီ အချိန်ကျတော့လာပြီ၊ မနက် (၇)နာရီမှာ သူငယ်ချင်းအပေါင်းအသင်းတွေက တရားပွဲသွားရအောင်၊ အဲဒီအချိန်မှာ ကိုယ်ကလည်း ဗိုက်နာနေတယ်၊ တစ်ဖက်ကလည်းပဲ သိန်းတစ်ရာချိန်းထားတာရှိတယ်၊ အဲဒီကျတော့ လှဲလျက်ကနေပြီးတော့ပေါ့ သူငယ်ချင်းရေ မနက်ဖြန် သစ္စာဓမ္မာရုံမှာ (၇) နာရီတရားပွဲ၊ အချိန်ရောက်ပြီကွ၊ သွားကြရအောင်၊ အဲဒီကျရင် သူတော်စင်များက ထလိုက်မလား ဗိုက်နာတယ် ဆင်ခြေပေးမလား သေချာ

http://www.dhammadownload.com



စဉ်းစားနော်၊ ဘာလုပ်မလဲ'

'ထလိုက်မှာပါဘုရား'

'ဗိုက်နာတယ် ပြောမှာနော်၊ ဟိုဘက်မှာ သိန်းတစ်ရာက ချိန်ထားပြီ သားကိုး သေချာပေါက်ရမှာ၊ အဲလိုရမယ်ဆိုလို့သိထားတဲ့အတွက်ကြောင့်မို့ ဗိုက်ကလည်း အဆင်သင့် နာလိုက်တဲ့အတွက် ဆင်ခြင်ပေးလို့ရသွားတယ်၊ ဗိုက်နာနေလို့ အဲဒီအချိန်ခါမှာ ဟိုကလည်း လာပြီးတော့မှချိန်းတဲ့ပုဂ္ဂိုလ်က ဟော့ မင်း (၇) နာရီမှာအရောက် မသွားရင် အဲဒါ လွတ်သွားလိမ့်မယ်၊ အဲဒီကျတော့ ဗိုက်နာတယ်ပြောမလား၊ ဆေးသောက်ပြီးပြေးမလား'

'ဆေးသောက်ပြီးပြေးမှာပါဘုရား'

'ဘာလုပ်မှာ၊ ဆေးသောက်ပြီးပြေးမှာ -

'ဟော . . . လောကုတ္တရာဥစ္စာ မရှာတော့ဘူးပေါ့၊ အဲတော့ အဲဒီမှာ ဆေးသောက်ပြီး ပြေးတဲ့အလုပ်ကိုကြည့်နော်၊ ငါအချိန်မှီ မရောက်ရင် ရမှ ရပ့်မလား ရမှရပ့်မလား ရမှရပ့်မလား ပူပန်တဲ့သောကတွေ ကိုယ့်ရင်ထဲ လောင် မလောင်'

'လောင်ပါတယ်ဘုရား'

'သွားတဲ့လမ်းတစ်လျှောက် ကုသိုလ်လား အကုသိုလ်လား'

'အကုသိုလ်ပါဘုရား'

'သေရင် ဘယ်သွားရမယ်'

'အပါယ်သွားရမှာပါဘုရား'

'ဩော် . . . အပါယ်သွားရမယ်'

'ကဲ . . . တရားပွဲကို လာမယ့်အရေးမှာ အဲဒီအချိန်အခါမှာ ဗိုက်နာ လည်းပဲ ဘယ်လောက်ပဲနာနာ သေရင်မြတ်သေးတယ်ဟဲ့ဆိုပြီး တရားလေး ကို အာရုံပြုပြီးသွားရင် လမ်းမှာသေလည်း အပါယ်သွားရပ့်မလား'

'မသွားရပါဘူးဘုရား'

http://www.dhammadownload.com



'ယနေ့ သူတော်စင်များ ပြန်ကြည့်စမ်း အတက်နဲ့အဆင်း ဘယ်ဟာ မြန်တုန်း'

'အဆင်းမြန်ပါတယ်ဘုရား'

'အတက်နဲ့အဆင်းဘယ်ဟာ သက်သာတုန်း'

'အဆင်းသက်သာပါတယ်ဘုရား'

'ဒါဖြင့်ရင် အဝီစိငရဲဆင်းရတာနဲ့ နိဗ္ဗာန်တက်ရတာ ဘယ်ဟာ သက်သာတုန်း၊ အဆင်းသက်သာတာပေါ့၊ ဟုတ်လား ဒါကြောင့် သိန်းတစ်ရာ နောက်လိုက်တာပေါ့၊ မလိုက်ဘူးလား လိုက်မလား'

'လိုက်မှာပါဘုရား'

'လိုက်ကြ လိုက်ကြ၊ အဲတော့ ဥစ္စာနှစ်မျိုးတော့ မရှင်းဘူးလား ရှင်းလား'

'ရှင်းပါတယ်ဘုရား'

'ဘာရှာမလဲ'

'လောကုတ္တရာဥစ္စာရှာမှာပါဘုရား'

'ရှာပါ နှစ်မျိုးလုံးရှာပါ၊ မရှာနဲ့မပြောပါဘူး၊ တစ်ဖက်သော မျက်လုံးကိုလည်းဖွင့်၊ တစ်ဖက်သော မျက်လုံးကိုလည်းဖွင့်ပါ၊ နှစ်ဖက်လုံး မဖွင့်ရဘူးလား'

'ဖွင့်ရမှာပါဘုရား'

'အဲလို . . . တိုက်ဆိုင်တယ်ဆိုရင် သေချာအာရုံပြု၊ ဩော် . . . ဒါ ငါ့အတွက်ကလေ အလွတ်ခံလို့မရဘူးဆိုပြီးတော့ တရားပွဲကလည်း ရှားရှားပါးပါးဖြစ်လာတာ၊ ဟိုပစ္စည်းကျတော့ ဘယ်အချိန်ရှာရှာ မရဘူးလား ရမလား'

'ရပါတယ်ဘုရား'

http://www.dhammadownload.com



'ရပ်မလား အခွင့်အရေးက ရပ်မလား'

'ရပါတယ်ဘုရား'

'သေချာပြန်ကြည့်တော့ ဒီဘက်က အပါယ်လွတ်အောင် စောင့်ရှောက်မှာ'

'မှန်လှပါဘုရား'

'ဟိုဘက်က အပါယ်ကိုဆွဲချမှာ၊ အဲတော့ ဆွဲချနဲ့ဆွဲတင် ဘယ်ဘက်လိုက်မလဲ'

'ဆွဲတင်ဘက်လိုက်မှာပါဘုရား'

'အဖြေကတော့ တည့်နေတာပဲ၊ လက်တွေ့ကျတဲ့အခါမှာ ချော်သွားကြတယ်၊ အဲလိုမဖြစ်ရအောင်လို့ ယနေ့ သူတော်စင်များကို ကွဲကွဲပြားပြားပြောလိုက်ပါပြီ၊ အဖိုးနဲ့အဖွား ရှာချိန်မှာ မရှာခဲ့တဲ့အတွက်ကြောင့်မို့ ရေမရှိတဲ့ရေကန်ထဲရောက်နေတဲ့ အတောင်ကျိုးနေတဲ့ ကြိုးကြာအိုအဖြစ်ဆိုးမျိုး မကြုံနေဘူးလား'

'ကြုံနေပါတယ်ဘုရား'

'အခု ဒီလောက်ပြောတာတောင်မှာ လောကုတ္တရာဥစ္စာဘက်ကို လှည့်ဖို့ စိတ်မကူးကြဘူး၊ အဲတော့ . . . ရေမရှိတဲ့ရေကန်ထဲမှာ ရောက်နေတယ်၊ အတောင်ကျိုးနေတဲ့ ကြိုးကြာအိုကြီးသည် ဘယ်သူ့အတွက်ဖြစ်မလဲ၊ ကိုယ့်အတွက် မဖြစ်စေနဲ့'

'မှန်လှပါဘုရား'

'အခုသူတော်စင်များ မရှာဘူးလားမေးတော့'

'ရှာပါတယ်ဘုရား'

'ရှာနေပါတယ် တစ်ဖက်သောမျက်လုံးလေးက ရေးရေးလေးဖြစ်နေလို့ ပွင့်အောင်ပြောနေတာ'

'မှန်လှပါဘုရား'

http://www.dhammadownload.com



'ရှာတော့ရှာကြပါတယ် နှစ်ဖက်မြင်တွေ ဟုတ်ပါတယ်၊ သို့သော်လည်း ဒီဘက်မှာ အချိန်တွေပေးလွန်းတဲ့အတွက် ပြူးနေတယ်တဲ့ တစ်ဖက်က'

'မှန်လှပါဘုရား'

'ဟောဒီတစ်ဖက်က နည်းနည်းလေးမှေးနေလို့ ပွင့်အောင်မဖွင့်ရဘူး လား ဖွင့်ရလား'

'ဖွင့်ရပါတယ်ဘုရား'

'အဲဒီလောက်ဆွဲဖွင့်တာတောင် လိုက်ပြီးတော့ ဖွင့်သလားမေးတော့ ပိတ်ထားတုန်းရှိသေးတယ်၊ အားရစရာကောင်းလား'

'မကောင်းပါဘူးဘုရား'

'မနက်ဖြန် မဟောတော့ဘူး၊ ဒီလိုလုပ်မှရတော့မှာသိလား၊ အဲတော့ လောကီဥစ္စာနဲ့ လောကုတ္တရာဥစ္စာရှင်း သွားပြီးလား'

'ရှင်းသွားပါပြီဘုရား'

'ရှာချိန်မှာရှာပါလို့ တိုက်တွန်းတာက အရွယ်သုံးပါး မပိုင်းကြပါနဲ့၊ ပထမအရွယ်မှာလည်းရှာပါ၊ ဒုတိယအရွယ်မှာလည်း ရှာ၊ တတိယအရွယ် မှာလည်း'

'ရှာပါဘုရား'

'လောကီ ဥစ္စာကိုလည်းရှာ မရှာနဲ့မဟုတ်ဘူး၊ လောကုတ္တရာဥစ္စာကို လည်း ရှာထားရင် မိမိရဲ့သန္တာန်မှာ လောဘတွေဖြစ်လာပြီဆိုရင် ဩော်. . . ဒါ မသင့်တော်ပါလား လောဘလေးကို နဂိုတုန်းက ဖြစ်ခွင့်ပေးခဲ့ပေမယ့် လောကုတ္တရာဥစ္စာကို ရှာထားတဲ့ ပုဂ္ဂိုလ်ကျတော့ ဒီ လောဘကို သတ်နိုင်တဲ့ အနေအထားမရလာဘူးလား'

'ရပါတယ်ဘုရား'

'လောဘ၊ ဒေါသ၊ မောဟတွေကို နှိမ်နင်းနိုင်တဲ့ အနေအထား မရလာ

http://www.dhammadownload.com



ဘူးလား'

'ရပါတယ်ဘုရား'

'တစ်နေ့တခြား ငြိမ်းချမ်းမှု သေချာသွားပြီနော်'

'မှန်လှပါဘုရား'

'ဒါဖြင့် လောကုတ္တရာဥစ္စာကိုရှာတဲ့ပုဂ္ဂိုလ်သည် လောဘတွေကို အရင်တုန်းကများခဲ့ပေမယ့် နည်းအောင် စောင့်ရှောက်သွားနိုင်ပြီ၊ ဒေါသ၊ မောဟတွေကို နည်းအောင် စောင့်ရှောက် သွားနိုင်တဲ့အတွက် လောကုတ္တရာ ဥစ္စာဘက်ကို အချိန်တွေပေးလာပြီးတာနဲ့အမျှ လောကီဘက်မှာရှာနေတဲ့ အရှာတွေမှာ လောဘ၊ ဒေါသ၊ မောဟတွေကို တတ်စွမ်းသမျှ နှိမ်နင်းသွားနိုင်တယ်၊ ပယ်သွားနိုင်တယ်ဆိုရင် ယနေ့ သာသနာတွင်းနဲ့လာဆုံရတာ တန်ဖိုးမရှိဘူးလား'

'ရှိပါတယ်ဘုရား'

'အခု အဖိုးနဲ့အဖွားသည် ဘုရားရှေ့မှောက်ရောက်နေတာတောင် ကယ်လို့မရတဲ့အဖြစ်သည် ဘာကြောင့်လဲမေးရင်'

'ရှာချိန်မှာမရှာခဲ့လို့ပါဘုရား'

'အခုလည်း မိမိတို့ရှာချိန်မှာ အခွင့်အရေးတွေမရှိဘူးလား'

'ရှိပါတယ်ဘုရား'

'လောကုတ္တရာ ဥစ္စာရဲ့သဘောထားကိုလည်း မပြောဘူးလား'

'ပြောပါတယ်ဘုရား'

'တကယ်တမ်း တွေ့တွေ့ဆိုင်ဆိုင်ကျတော့ သူတော်စင်များသည် အားကောင်းထက်သန်စွာနှင့် သဒ္ဓါတွေကိုပံ့ပိုးပြီးတော့ ကြိုးစားသလား လျော့သွားသလား'

'လျော့သွားပါတယ်ဘုရား'

http://www.dhammadownload.com



'လက်တွေ့ကျရင် လျော့လျော့သွားတယ်နော်'

'မှန်လှပါဘုရား'

'အဲဒါမျိုးတွေ မဖြစ်ရအောင်လို့ သစ္စါလေးတွေကို တင်လိုက်ကြစမ်းပါ၊ ဝီရိယလေးတွေကို မြှင့်လိုက်ပြီးတော့ သာသနာတွင်းနဲ့ဆုံရတဲ့ အခိုက်အတန့်လေးမှာ လောကီဥစ္စာကို ငါတို့ရှာခဲ့တာလည်းများခဲ့ပါပြီ၊ လျော့နည်းနေတဲ့ လောကုတ္တရာဥစ္စာဘက်ကိုလည်း အချိန်ပေးအုံးမယ်ဆိုပြီးတော့ ကြိုးစား ဖြည့်ဆည်းရင်းနဲ့ မပွင့်သေးတဲ့မျက်လုံးလေးကို ပွင့်သထက်ပွင့်အောင် စောင့်ရှောက်ထိန်းသိမ်းပြီးတော့ ညီအောင်ကြိုးစားနိုင်တဲ့ သူတော်စင်သူတော်ကောင်းတွေဖြစ်ပါစေလို့ တိုက်တွန်းရင်းပဲ တရားပွဲကို အဆုံးသတ်လိုက်ပါမယ်'

သာဓု . . . သာဓု . . . သာဓု။

http://www.dhammadownload.com

http://www.dhammadownload.com